**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

**(၂၂)ရက်မြောက်နေ့မှတ်တမ်း**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

[အင်္ဂါနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၃.၃၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကျန်းမာရေး။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်၊ ၎င်း အတိုင်း။ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ၎င်း အတိုင်း။ ဒုတိယဗိုလ်မှူးကြီးဇော်မိုး၊ တပ်မတော်၊ ကျန်းမာရေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းမြင့်၊ တနင်္သာရီ (၁၀)၊ ကျန်းမာရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဗိုလ်မှူးစိုးမိုး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူး ဇော်ခင်ထွဋ်၊ တပ်မတော်၊ တာဝန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကျန်းမာရေး။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပိုးရယ်အောင်သိန်း၊ ကယား(၈)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးသန်းဆွေ၊ မကွေး(၇)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၄)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအပတ်လွှတ်တော် အစည်းအဝေးမှာ မေးခွန်းတွေ များပြားတဲ့အတွက် ဥပဒေအရ နံနက်ပိုင်း(၁)နာရီလို့ သတ်မှတ်ထားသော်လည်း အစိုးရအဖွဲ့က ဖြေနိုင်ရန် ဖြေနိုင်သလို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်ခွင့်ပန်ကြားအပ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦးက မေးမြန်းမယ့် မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ရှိ ဝရာရိုးချောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦး က မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ရှိ ဝရာရိုးချောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သူဦး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပွင့်ဖြူမြို့နယ်ရှိ ဝရာရိုးချောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊မရှိ သိရှိလိုခြင်း မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ရှိ ဝရာရိုးချောင်းသည် ကျောင်းကုန်းကြီးကျေးရွာအနီးမှ ရွာခိုင်ကျေးရွာအထိ ရိုးချောင်းအရှည် (၅)မိုင်ခွဲခန့် ရှည်လျားသော ချောင်းဖြစ်ပါတယ်။ မိုးရာသီကာလတွင် ကျောင်းကုန်းကြီးကျေးရွာ၊ ရေပုတ်ကြီးကျေးရွာတစ်ဝိုက်ရှိသော တောင်ယာတောများမှ မိုးရေများသောအခါ ဝရာရိုးချောင်းအတွင်းသို့ စီးဝင်ခဲ့ပါတယ်။ ယခုအခါ ဝရာရိုးချောင်းမှာ ပျက်စီးပိတ်ဆို့နေသည့် အတွက် ရိုးချောင်းတစ်လျှောက်ရှိ တောင်သူလယ်သမားများ စိုက်ပျိုးထားကြသော လယ်ပိုင်ရှင်များ၏ ကျေးရွာများဖြစ်ကြသည့် ကျောင်းကုန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၇၇၁/ ၇၇၂/ ၇၇၃ ဥယျာဉ်ကျင်ကျေးရွာ၊ လျှောက်တောကျေးရွာ၊ မကျီးကုန်းကျေးရွာ၊ ဆပ်ချိုကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၇၇၄/ ၇၇၅/ ၇၇၆၊ လက်ပန္ဒယ်ကျေးရွာအုပ်စု ကွင်းအမှတ် ၇၇၉/ ၇၈၀/ ၇၈၁/ ၇၈၂/ ၇၀၂၊ ကျောင်းစုကျေးရွာအုပ်စု ကွင်းအမှတ် ၇၈၃/၇၈၄၊ ဇီးတောကျေးရွာအုပ်စု ကွင်းအမှတ် ၇၈၅/၇၈၆ နဲ့ ရွာခိုင်ကျေးရွာ ကွင်းအမှတ် ၇၈၇ တို့အား ဧကအားဖြင့် (၇၀၀) ကျော်ခန့်ကို ဝရာရိုးချောင်းပိတ်ဆို့နေမှုကြောင့် မိုးရေများသည် အထက်ပါကွင်းများကို ဖြတ်သန်းစီးဆင်းသည့် အတွက် လယ်မြေများမှာ နှစ်စဉ် မိုးရာသီအချိန်ရောက်တိုင်း နစ်မြုပ်ခဲ့ရသည့်အတွက် တောင်သူများ နစ်နာဆုံးရှုံးလျက် ရှိပါတယ်။

နှစ်ပေါင်းများစွာ ကြာလာသောအခါ ဝရာရိုးချောင်းသည် တိမ်ကောလာပြီး အမှိုက်၊ ဗေဒါ၊ သစ်ပင်၊ ချုံနွယ်၊ မြက်များပေါက်ရောက် ပိတ်ဆို့လာသည် ဖြစ်သည့်အတွက် မိုးရာသီတွင် မိုးရေများ လယ်များမှ ရေပိုရေလျှံများသည် လယ်မြေများကို ဖြတ်သန်းစီးဆင်းသည့်အတွက် နှစ်စဉ် လယ်ပျက်စီးဆုံးရှုံးမှုများသည် တောင်သူများအတွက် နစ်နာမှု နှစ်စဉ် ကြုံတွေ့လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ရှိ တောင်သူများ စိုက်ပျိုးထားသော လယ်မြေများ နှစ်စဉ်မိုးရာသီတွင် ရေနစ်မြုပ်ဆုံးရှုံးမှုမရှိစေရေးအတွက် မိုးစပါးများ စိုက်ပျိုးပြီးချိန်တွင် ဝရာရိုးချောင်း

ပိတ်ဆို့နေမှုအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိမရှိ သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ မင်းလှ၊ မိုးညို၊ အုတ်ဖို မြို့နယ်တို့ရှိ မြို့နယ်အားကစားကွင်းများကို အဆင့်မြင့် အားကစားကွင်းများအဖြစ် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး က ပဲခူးတိုင်းဒေသကြီး၊ မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့နယ်တို့ရှိ မြို့နယ်အားကစားကွင်းများကို အဆင့်မြင့် အားကစားကွင်းများအဖြစ် မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်မဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့များမှာရှိတဲ့ မြို့နယ်အားကစားကွင်းများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများလိုအပ်လျက်ရှိနေပါသဖြင့် အားကစားကွင်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပွဲကြည့်စင်များ၊ ဂိုးတိုင်များ၊ ဂိုးစဂိုလ်းဘုတ်များ တပ်ဆင်ထားတဲ့ အဆင့်မြင့် အားကစားကွင်းများအဖြစ် မြှင့်တင်ပေးရန် အစီအစဉ် ရှိမရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့မြို့ပေါ်(၁၀)ရပ်ကွက်အတွင်း မိုးတွင်းအခါ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ခင်မောင်လေး က ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့မြို့ပေါ်(၁၀)ရပ်ကွက်အတွင်း မိုးတွင်းအခါ ရေစီးရေလာကောင်းမွန်ရေး အတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ပြည်မြို့ပေါ် (၁၀) ရပ်ကွက်အတွင်းမှာ မိုးတွင်းအခါမှာ ကြုံတွေ့ရတဲ့ ရေဆိုးမြောင်းတွေ ပိတ်ဆို့မှုနဲ့ ရေစီးရေလာကောင်းမွန်ရေးနဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရေကြီးနစ်မြုပ်မှု အခြေအနေများကို ဓာတ်ပုံ Slide များဖြင့် တင်ပြခွင့်ပြုပါ ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြင်တွေ့ရတဲ့အတိုင်းပါပဲ၊ ကျွန်တော်တို့ မိုးတွင်းအခါမှာ ပြည်မြို့ပေါ်(၁၀)ရပ်ကွက် လူဦးရေ(၁)သိန်းကျော်နေထိုင်တဲ့ ဒီမြို့ကြီးမှာ ဒီလိုရေမြောင်းများ ပိတ်ဆို့မှုကြောင့် ရေကြီးနစ်မြုပ်မှု အခြေအနေများဟာ ကျန်းမာရေးရှုထောင့်က ကြည့်မယ်ဆိုလို့ရှိရင် အင်မတန်မှ ရင်လေးဖွယ်ရာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်များ အနေနဲ့ကလည်းပဲ လမ်းထောက်ကူများ၊ စည်ပင်သာယာရေးအဖွဲ့များနဲ့ ညှိနှိုင်းပြီးတော့ ဒီ ပိတ်ဆို့မှုများကို ရှင်းလင်းနေပေမယ့်လည်းပဲ ခေတ်အဆက်ဆက်ကနေပြီးတော့ မြို့သစ်တွေ တိုးချဲ့တာ၊ စီးပွားရေးဇုန်တွေ တိုးချဲ့တာ၊ ဒါကြောင့်မို့လို့ တစ်ချိန်တုန်းက မြို့ပေါ်မှာရှိခဲ့တဲ့ ဒီ ရေဆိုးထုတ်ကန်တွေ၊ ရေမြောင်းတွေရယ် ပပျောက်သွားပြီးတော့ ရေစီးရေလာမကောင်းတဲ့အတွက်ကြောင့် အခုလို တွေ့ကြုံခြင်းဖြစ်ပါတယ်။

သို့ပါ၍ ကျွန်တော့်အနေနဲ့ ပိုမိုကောင်းမွန်သော အထူးသဖြင့် ကျွန်တော်တို့ (Master Plan) များ ချမှတ်ထားတဲ့ ရေစီးရေလာမြောင်းများ ပေါ်ထွက်လာရေးအတွက် ဆောင်ရွက်ပေးမယ့် အစီအစဉ်ရှိမရှိနဲ့ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ၍ ဒီမေးခွန်းအား မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သူဦး မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်မှာရှိတဲ့ ဝရာရိုးချောင်းဟာ မယ်ဇလီဆည်ရေသောက် ဧရိယာအတွင်း ဖြတ်သန်းစီးဆင်းတဲ့ ချောင်းတစ်ချောင်းဖြစ်ပါတယ်။ အဆိုပါချောင်းမှာ တိမ်ကောနေပြီးတော့ သစ်ပင်၊ ချုံနွယ်များ ပိတ်ဆို့နေတဲ့အတွက် မိုးသည်းထန်စွာ ရွာသွန်းတဲ့အခါ ရေလျှံလေ့ရှိတဲ့အတွက်ကြောင့် လယ်မြေများ ထိခိုက်မှုရှိပါတယ်။ ဝရာရိုးချောင်းတစ်လျှောက်မှာ နွေရာသီသီးနှံများ စိုက်ပျိုးထားတဲ့အတွက်ကြောင့် နွေစပါးနဲ့ မိုးစပါးသီးနှံများ ရိတ်သိမ်းပြီးချိန် ပွင့်လင်းရာသီရောက်မှသာ တူးဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

အဆိုပါ ဝရာရိုးချောင်းအား ပြန်လည်တူးဖော်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ လုပ်ငန်းဆောင်ရွက် အစီအစဉ်မှာ ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါ၍ ပြည်ထောင်စုရန်ပုံငွေမှ ကျခံ၍ ပွင့်လင်းရာသီမှာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ အားကစားကွင်း၊ အားကစားရုံများ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားရန် စီစဉ်သတ်မှတ်ထားပြီးတော့ တိုင်းဒေသကြီး၊ အားကစားနဲ့ ကာယပညာဦးစီး ဌာနရုံးရဲ့ ၂၅-၁၁-၂၀၁၃ ရက်စွဲပါစာအမှတ် ၃၈၈/ အားကာ ၁၂ (ပခတ)/၂၀၁၃ ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်များအလိုက် အားကစားကွင်း၊ အားကစားရုံတည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါက လိုအပ်တဲ့ တွက်ချက်မှု ပုံစံများနဲ့အတူ သတ်မှတ်ဘဏ္ဍာရေးနှစ်အမီ တင်ပြသွားရန် လမ်းညွှန်ထားပြီးဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ရဲ့ မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့နယ် မှာရှိတဲ့ မြို့နယ်အားကစားကွင်းများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ လိုအပ်လျက်ရှိနေပါသဖြင့် အားကစားကွင်းများ အဆင့်မြှင့်တင်ခြင်း၊ ပွဲကြည့်စင်များ၊ ဂိုးတိုင်များ၊ ဂိုးစကိုးလ်ဘုတ်များ တပ်ဆင်ထားတဲ့ အဆင့်မြင့်အားကစားကွင်းများအဖြစ် မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး တွက်ချက်မှုပုံစံ (BQ)  (Side Plan) များဖြင့် ပြည့်စုံစွာ တင်ပြလာပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး၊ အားကစားနဲ့ ကာယပညာဦးစီးဌာန၊ ရန်ပုံငွေစာရင်းတွင် ထည့်သွင်း ရေးဆွဲ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ဟာ မိုးရာသီကာလအတွင်း ရေဆိုးမြောင်းများ ပိတ်ဆို့မှုမရှိစေရေးနဲ့ ရေစီးရေလာကောင်းမွန်ရေးအတွက် နှစ်စဉ် ရေဆိုးထုတ် မြောင်းများအား ဆယ်ယူတူးဖော်ခြင်း၊ Box Culvert များ၊ ကွန်ကရစ်ရေကျော်များ၊ ကွန်ကရစ် ရေပြွန်များ ဆောင်ရွက်ပေးခြင်းအားဖြင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် စည်ပင် သာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မတီများ၊ မြို့နယ်အထောက်အကူပြု ကော်မတီများနဲ့ ညှိနှိုင်းပြီး တော့ ဘတ်ဂျက်လျာထား ရေးဆွဲဆောင်ရွက်လျက် ရှိပါတယ်။ ပြည်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရဲ့ ရန်ပုံငွေ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ (၃)နှစ် အတွင်း Culvert (၃၃)စင်း၊ ကွန်ကရစ်ရေကျော်(၂၄)စင်း၊ ရေပြွန်(၂)စင်းနဲ့ လမ်းဖြတ်မြောင်း (၁၀) စင်း တည်ဆောက်ခြင်း၊ အုတ်ရေမြောင်း(၂၈၇၂)ပေ၊ မြေသားမြောင်းတူးဖော်ခြင်း(၄၂၅)ပေတို့အား ကုန်ကျငွေ (၁၉၄.၉၁၈)သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက်ကြောင့် ဘူးခါးမြောင်း၊ နဝင်းရေဆိုး ထုတ်မြောင်းနဲ့ ၎င်းတို့နဲ့ ဆက်စပ်လျက်ရှိတဲ့ မြောင်းများအရှည် (၁၀၅၀၀)ပေအား အမှိုက်နဲ့ ရွှံ့နွံများ ဆယ်ယူတူးဖော်ခြင်းကို ကုန်ကျငွေ (၂၁.၉)သန်းနဲ့ နှစ်စဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး၊ နှစ်စဉ်နှစ်တိုင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူလူထုများနဲ့ ပူးပေါင်းပြီးတော့ နေအိမ်ရှေ့ရေမြောင်းများနဲ့ လမ်း ဖြတ်မြောင်းများအားလည်း ရှင်းလင်းတူးဖော်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ Box Culvert (၆)စင်း၊ ရေကျော်(၆)စင်းနဲ့ လမ်းဖြတ်မြောင်း(၈)စင်း တည်ဆောက်ခြင်း၊ အုတ်ရေမြောင်း (၅၂၀)ပေ၊ မြေသားမြောင်း(၄၀၀)ပေ တူးဖော်ခြင်းတို့အတွက် ခန့်မှန်းကုန်ကျငွေကျပ် (၄၉.၄၈၅)သန်းဖြင့် မြို့ရဲ့ အဓိက ရေဆိုးထုတ်မြောင်း ဖြစ်တဲ့ ဘူးခါးနဲ့ နဝင်းမြောင်းအရှည် (၁၀၅၀၀)ပေကို အမှိုက်နဲ့ ရွှံ့နွံများ ဆယ်ယူတူးဖော်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေ (၈.၀)သန်းတို့ဖြင့် ဆောင်ရွက်ရန်လျာထားပြီး လုပ်ငန်းများဆောင်ရွက်လျက် ရှိပါတယ်။ နှစ်စဉ် ဆောင်ရွက်မြဲဖြစ်တဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နဲ့ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေ ပြည်သူလူထုများ ပူးပေါင်းပြီးတော့ နေအိမ်ရှေ့ရေမြောင်းများနဲ့ လမ်းဖြတ်မြောင်းများအား ရှင်းလင်းတူးဖော်ခြင်းများအားလည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

လာမယ့်ဘဏ္ဍာရေးနှစ်များတွင်လည်း တင်ပြပါလုပ်ငန်းဆောင်ရွက်မှုများအား ပုံမှန်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ မိုးရာသီ ရေစီးရေလာကောင်းမွန်စေရေး သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များ၊ စည်ပင်သာယာရေးကော်မတီ၊ အထောက်အကူပြုကော်မတီများနဲ့ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦးက မေးမြန်းတဲ့ မေးခွန်း တွေဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မုဒုံ-မြဝတီလမ်းပေါ်ရှိ လှိုင်ကွယ်တံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးအောင်မြင့်သိန်း က မုဒုံ - မြဝတီလမ်းပေါ်ရှိ လှိုင်ကွယ်တံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းမယ့် မေးခွန်းကတော့ မုဒုံ - မြဝတီလမ်းပေါ်ရှိ မိုင်တိုင် ၅၇/၀ နဲ့ ၅၈/၀ ကြား တံတားအမှတ် ၃/၅၈ ဖြစ်တဲ့ လှိုင်ကွယ်တံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်ရဲ့ အဓိက ကုန်သွယ်ရေး နယ်စပ်မြို့ တစ်မြို့ဖြစ်တဲ့ မြဝတီမြို့ကို ဆက်သွယ်သော ရန်ကုန်-ဘားအံ-ကော့ကရိတ်-မြဝတီ ကုန်သွယ်ရေး မဟာဗျူဟာ လမ်းမကြီးနဲ့အပြိုင် မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်ကို ဆက်သွယ်ထားတဲ့ မုဒုံ - မြဝတီကားလမ်းပိုင်းဟာ အတိုဆုံးနဲ့ ကုန်သွယ်ရေး မဟာဗျူဟာကျသော လမ်းပိုင်း ဖြစ်ပါတယ်။ မုဒုံ - မြဝတီလမ်းပိုင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကစလို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ထိ ခွင့်ပြုချက် ရရှိသော ဘဏ္ဍာငွေအလိုက် နှစ်စဉ် အဆင့်မြှင့်တင် ပေးလျက်ရှိပါတယ်။ မုဒုံမြဝတီလမ်းပိုင်း မိုင်တိုင်အမှတ် ၅၄/၅ နဲ့ ကြားမှာ တောင်ကြာအင်းကျေးရွာနဲ့ မြောက်ကြာအင်း ကျေးရွာကို ဆက်သွယ်ထားတဲ့ ဟောင်သရော မြစ်ကူးတံတားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ပြီးတော့ ကျပ်သန်း (၂၀၀)ဖြင့်လည်းကောင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကျပ်သန်း (၃၀၀)ဖြင့် လည်းကောင်း ဆောက်လုပ်လျက်ရှိပါတယ်။ တံတားအရှည်မှာ (၉၂၀)ပေရှိပြီး အကျယ်မှာ (၃၀)ပေ ရှိကာ လူသွားလမ်းအကျယ် တစ်ဖက်လျှင် (၃)ပေစီ ထားရှိပါတယ်။ တံတားအောက် ရေနံကင်းလွတ် နယ်မြေမှာ (၆)ပေ ရှိပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ (၆၀)တန် ဖြစ်ပါတယ်။ ၎င်းဖောင်လျော မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂) ပဲခူးဘုရားကလေးက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် စတင်ဆောက်လုပ်ခဲ့ရာ ၆-၅-၂၀၁၄ ရက်နေ့ထိ လုပ်ငန်းတစ်ခုလုံးရဲ့ ပြီးစီးမှုရာခိုင်နှုန်းမှာ (၂၄) ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါတယ်။ ဟောင်သရောမြစ်ကူးတံတား တည်ဆောက်ရေး စီမံကိန်းကြီးကို ကျွန်တော်တို့ ဒေသခံပြည်သူများအနေနဲ့ အိပ်မက်သဖွယ်ဖြစ်ပြီး ကရင်ပြည်နယ်ရဲ့ ငြိမ်းချမ်းရေး အသီးအပွင့်များဖြင့် ခံစားရ၍ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ အဖွဲ့အစည်းများအား ဒေသခံပြည်သူများကိုယ်စား ကျေးဇူးဥပကာရ တင်ရှိပါကြောင်းနဲ့ မှတ်တမ်းတင် တင်ပြအပ်ပါတယ်။ ရန်ကုန်-ဘားအံ-ကော့ကရိတ်-မြဝတီ ကုန်သွယ်ရေး လမ်းမကြီးနဲ့အပြိုင် မုဒုံ-မြဝတီကားလမ်းပိုင်းဟာ ကုန်သွယ်ရေးမှာ အဓိကကျတဲ့ လမ်းပိုင်းတစ်ပိုင်း ဖြစ်ပါတယ်။

တင်ပြလိုသည်မှာ မုဒုံ-မြဝတီလမ်းပေါ်မှာရှိတဲ့ ဟောင်သရောမြစ်ကူးတံတားစီမံကိန်းကြီး ပြီးစီး သွားသော်လည်း ၎င်းမုဒုံ-မြဝတီလမ်းပိုင်းဟာ ကုန်သွယ်မှုပြုရန် အခက်အခဲ တစ်ခုအဖြစ် မိုင်တိုင် ၅၇/၀ နဲ့ ၅၈/၀ ကြား တံတားအမှတ် ၃/၅၈ ဖြစ်တဲ့ လှိုင်ကွယ်တံတားမှာ ကြံ့ခိုင်မှု လျော့နည်းနေပြီ ဖြစ်ပါတယ်။ လှိုင်ကွယ်တံတားကို ၂၀၀၁ ခုနှစ်က ဆောက်လုပ်ခဲ့ပြီး တံတားအမျိုးအစားမှာ သံဘောင်တစ်ပိုင်း သစ်သားတစ်ပိုင်းဖြင့် ဆောက်လုပ်ထားပါတယ်။ တံတားအရှည်မှာ (၂၇၀)ပေ အကျယ် (၁၀)သာ ရှိပြီး ခံနိုင်ဝန်အား ခွင့်ပြုယာဉ်အလေးချိန် (၁၃)တန်ခန့်သာ ရှိပါတယ်။ သို့ရာတွင် ယခုအခါမှာ ကြမ်းတမ်းသော ရာသီဥတုဒဏ်ကြောင့် လှိုင်ကွယ်တံတားမှာ သတ်မှတ်စံချိန်ထက် လျော့ကျပြီး ကြံ့ခိုင်မှုလည်း လျော့နည်းနေပြီ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မုဒုံ-မြဝတီလမ်းပေါ်ရှိ မိုင်တိုင် ၅၇/၀ နဲ့ ၅၈/၀ ကြား တံတားအမှတ် ၃/၅၈ ဖြစ်တဲ့ လှိုင်ကွယ်တံတားဟာ ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မန္တလေး-မြစ်ကြီးနား ပြည်ထောင်စုလမ်းအဖြစ် အသုံးပြုလျက်ရှိသော မိုးကောင်းမြို့တွင်းလမ်းအား (၂၄)ပေအကျယ် ကတ္တရာလမ်းအဖြစ် (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်) ဖြည့်စွက်ရန်ပုံငွေဖြင့် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် က မန္တလေး- မြစ်ကြီးနား ပြည်ထောင်စုလမ်းအဖြစ် အသုံးပြုလျက်ရှိသော မိုးကောင်းမြို့တွင်းလမ်းအား (၂၄)ပေ အကျယ် ကတ္တရာလမ်းအဖြစ် (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်) ဖြည့်စွက်ရန်ပုံငွေဖြင့် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေး- မြစ်ကြီးနား ပြည်ထောင်စုလမ်းအဖြစ် အသုံးပြုလျက်ရှိတဲ့ မိုးကောင်းမြို့တွင်းလမ်းအား (၂၄)ပေ အကျယ် ကတ္တရာလမ်းအဖြစ် ဖြည့်စွက်ရန်ပုံငွေဖြင့် အဆင့်မြှင့်တင်ပေးနိုင်မည့် အခြေအနေကို သိရှိလိုကြောင်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုးကောင်းမြို့ဟာ ကျောက်စိမ်းနဲ့ပတ်သက်ပြီးတော့ မြန်မာမှာသာမက ကမ္ဘာမှာပါ နာမည်ကြီးတဲ့ အထင်ကရ မြို့တစ်မြို့ ဖြစ်ပါတယ်။ မိုးကောင်းမြို့မှာ ရပ်ကွက် (၁၀)ရပ်ကွက်နဲ့ ကျေးရွာအုပ်စု (၃၅)အုပ်စု ရှိပါတယ်။ မိုးကောင်းမြို့ရဲ့ အလယ်မှာ ဖြတ်သန်းသွားတဲ့လမ်းကို မန္တလေး- မြစ်ကြီးနား ပြည်ထောင်စုလမ်းအဖြစ်လည်း ယခုလက်ရှိ အသုံးပြုလျက် ရှိပါတယ်။ လမ်းဟာ (၁၈)ပေ အကျယ် ကတ္တရာလမ်းဖြစ်ပြီးတော့ မြို့တွင်းလမ်းဟာ (၁)မိုင်နဲ့ (၄)ဖာလုံခန့် ရှိပါတယ်။ လမ်းရဲ့ ပတ်ဝန်းကျင်မှာ ပြည်သူ့ဆေးရုံ၊ အ.ထ.ကကျောင်း (၂)ကျောင်း၊ ဘူတာရုံ၊ စည်ပင်သာယာဈေး၊ မိုးကောင်းမြို့ခန်းမနဲ့ ရုံးအဆောက်အဦများ ရှိပါတယ်။ ဒါကြောင့်မို့ အဲဒီလမ်းက အဓိကလမ်းဖြစ်တဲ့အတွက်ကြောင့်မို့ ဈေးသူ၊ ဈေးသားတွေ၊ ကျောင်းသူ၊ ကျောင်းသားတွေ၊ ခရီးသွားတွေ၊ မန္တလေး-မြစ်ကြီးနား ပြေးဆွဲတဲ့ ဘတ်စ်ကားတွေ၊ ကုန်တင်ယာဉ်တွေ၊ အငှားယာဉ်တွေနဲ့ အမြဲတစေ ရှုပ်ထွေးနေလျက် ရှိပါတယ်။ ဒီလို ရှုပ်ထွေးမှုကြောင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှုနဲ့ မြို့ရဲ့သန့်ရှင်းသပ်ရပ်မှုကိုလည်း ပျက်ပြားစေနိုင်တဲ့ အနေအထား ရှိပါတယ်။ ဒါကြောင့်မို့ ပြည်သူများ အသက်အန္တရာယ် ထိခိုက်မှု မရှိစေရေးနဲ့ မြို့ရဲ့ သာယာလှပရေးအတွက် မြို့နယ်မှာရှိတဲ့ပြည်သူများက တောင်းဆိုချက်အရ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီကလည်း ကျွန်တော့်ဆီကို စာရေးပြီးတော့ လွှတ်တော်ကို တင်ပြတောင်းဆိုပေးဖို့ ပေးပို့ခဲ့ကြပါတယ်။

ဒါကြောင့်မို့ အဲဒီ (၁၈)ပေအကျယ် ကတ္တရာလမ်းကို (၂၄)ပေ အကျယ် ကတ္တရာလမ်း ခင်းပေးနိုင်မယ်ဆိုလို့ရှိရင် ပြည်သူ၊ ပြည်သားတွေရဲ့အသက်အန္တရာယ် ထိခိုက်မှုလည်း ကင်းရှင်းနိုင်မှာ ဖြစ်သလို မြို့ရဲ့ သာယာလှပမှု ဖြစ်ပြီးတော့ ကျွန်တော်တို့ အခုအစိုးရသစ်လက်ထက်မှာ

ခေတ်မီတိုးတက်တဲ့ မြို့တစ်မြို့အဖြစ် ပုံဖော်လာနိုင်မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြည်သူများရဲ့ ဆန္ဒနဲ့အညီ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ မန္တလေး- မြစ်ကြီးနား ပြည်ထောင်စုလမ်းအဖြစ် အသုံးပြုလျက်ရှိသော မိုးကောင်းမြို့တွင်းလမ်းအား (၂၄)ပေအကျယ် ကတ္တရာလမ်းအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် အဆင့်မြှင့်တင်ပေးနိုင်မည့် အခြေအနေ ရှိ၊ မရှိနဲ့ စီမံဆောင်ရွက်ပေးနိုင်မည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည် သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နမ့်ဆန်-မန်စံလမ်းမှ ကျန်ရှိသောလမ်းပိုင်းကို (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်) ဖြည့်စွက်ရန်ပုံငွေဖြင့် အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ဦးထွန်းကျော်က နမ့်ဆန်-မန်စံလမ်းမှ ကျန်ရှိသောလမ်းပိုင်းကို (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်) ဖြည့်စွက်ရန်ပုံငွေဖြင့် အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ဟာ ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းကျော် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ နမ့်ဆန်မြို့နယ်နဲ့ မန်တုန်မြို့နယ် မြို့နယ် နှစ်ခု ပါရှိပါတယ်။ မြို့နယ်နှစ်ခုစလုံးမှာ တစ်ကြိမ်တစ်ခါတုန်းက လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲတဲ့ မြို့များအဖြစ် နာမည်ကြီးခဲ့ပါတယ်။ ယခု ဒီမိုကရေစီအစိုးရလက်ထက်မှာ နှစ်စဉ် နှစ်တိုင်းစီမံကိန်းချပြီး ပြုပြင်နေပြီ ဖြစ်တဲ့အတွက် အတော်အတန်ကောင်းမွန်လာပြီ ဖြစ်ပါတယ်။ နယ်မြေခံတိုင်းရင်းသားပြည်သူများ နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ပါကြောင်း၊ ဝမ်းသာရပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောကြားအပ်ပါတယ်။ နမ့်ဆန်မြို့သည် ပထဝီအခြေအနေအရ ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှပေ (၅၀၀၀)မှ ပေ (၇၀၀၀)အထိ ရှိပါတယ်။ နမ့်ဆန်မြို့၏ အရှေ့ဘက်ခြမ်းမှာ မန်လွယ်ကျေးရွာအုပ်စု၊ တောင်ကျော်ကျေးရွာအုပ်စု၊ လုံတောက်ကျေးရွာအုပ်စု၊ နမ့်လင်းကျေးရွာအုပ်စု၊ ခေးခင်းကျေးရွာအုပ်စု အုပ်စုပေါင်း (၅)အုပ်စု ကျေးရွာပေါင်း (၂၀)ကျော် လူဦးရေပေါင်း နှစ်သောင်းကျော် စုပေါင်းနေထိုင်လျက်ရှိပါတယ်။ ပထဝီဒေသထူးခြားချက်အရ နမ့်ဆန်မြို့ကို သွားလာဆက်သွယ်ရသည်ထက် နယ်မြေချင်းဆက်စပ်လျက်ရှိတဲ့ နမ္မတူမြို့နယ် မန်စံကို စီးပွားရေးအရသော်လည်းကောင်း၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး စတဲ့ လူမှုရေးအရသော်လည်းကောင်း ပိုမိုလွယ်ကူခြင်းများစွာ သွားလာဆက်သွယ်နိုင်ပါတယ်။ မန်စံမှတစ်ဆင့် လားရှိုး၊ သီပေါ၊ နမ္မတူ၊ မန်တုန်မြို့များကို ပိုမိုလျင်မြန်စွာ သွားလာဆက်သွယ်နိုင်ပါတယ်။ ကျေးရွာအုပ်စု (၅)အုပ်စုမှာ ပြည်သူ နှစ်သောင်းကျော် နေထိုင်သော နမ့်ဆန်မြို့၏ အရှေ့ဘက်ခြမ်းသည် တစ်ချိန်

တစ်ခါတုန်းက လူသွားလမ်း၊ မြင်းသွားလမ်းမှတစ်ပါး ကားလမ်း လုံးဝမရှိပါ။ ပလောင်ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ပြီးနောက် ပြည်သူလူထုလုပ်အားဖြင့် နမ့်ဆန်မြို့မှ မန်တုန်မြို့သို့ (၃၈)မိုင် နမ့်ဆန်မြို့မှ မန်စံသို့ (၃၂)မိုင်ကို ၂၀၀၀ ခုနှစ် နောက်ပိုင်း မိမိတို့ရဲ့ အစီအစဥ်ဖြင့် ဖောက်လုပ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ လူထုလုပ်အားဖြင့် ဖောက်လုပ်ထားခြင်းဖြစ်တဲ့အတွက် မော်တော်ယာဥ်ကြီးများ စီးပွားဖြစ်သွားလာ နိုင်မှုထက် လူမှုရေး၊ အုပ်ချုပ်ရေး၌သာ ပိုမိုအသုံးတည့်ခဲ့ပါတယ်။ ဒီမိုကရေစီ၏အစိုးရလက်ထက်မှာ အဆိုပါ နမ့်ဆန်-မန်စံလမ်းကို ပြည်ထောင်စုလမ်းအဖြစ် သတ်မှတ်ကာ စီမံကိန်းဖြင့် တိုးချဲ့အဆင့်မြှင့်တင် ထားခြင်းကို ပြည်သူများ အလွန်ဝမ်းသာပီတိ ဖြစ်ကြပါတယ်။ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလို့ လူမှုစီးပွားရေးပါ တိုးတက် ဖွံ့ဖြိုးလာပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ဆန်-မန်စံလမ်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း (၉၅၀)၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း (၃၀၈)၊ ယနေ့ထိ (၃၄)ပေကျယ်တဲ့ မြေသားလမ်း (၂၄)မိုင် (၆)ဖာလုံ၊ ကျောက်ချော လမ်း (၁၂)မိုင် (၄)ဖာလုံ ဖောက်လုပ်ထားရှိပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၎င်း နမ့်ဆန်-မန်စံလမ်းအတွက် ကျပ်သန်း(၁၀၀)သာ လျာထားတဲ့အတွက် ခွင့်ပြုဘဏ္ဍာငွေ ချက်ချင်း ဆိုသလို လျော့ကျ လာသည်ကို ဝမ်းနည်းစွာ လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံပြည်သူများအနေဖြင့် ၎င်းလမ်းပိုင်း (၃၂)မိုင်ကို အမြန်ဆုံး အပြီးသတ်ပြီး ချက်ချင်းလက်ငင်း အသုံးပြုချင်ကြပါတယ်။ ကျန်ရှိတဲ့ လမ်းပိုင်း (၆)ပိုင်းအနက် နမ့်ဆန်မြို့နယ်ဘက်မှ (၂)မိုင်၊ နမ္မတူမြို့နယ်ဘက် (၄)မိုင်သာကျန်ရှိပါတယ်။ နမ္မတူမြို့ဘက် (၄)မိုင်အတွင်းမှ (၃)မိုင်သည် မြေပြန့်ဖြစ်သည့်အတွက် ဖောက်လုပ်ရန် အခက်အခဲ မရှိပါ။ နမ့်ဆန်မြို့နယ်ဘက်(၂)မိုင်နဲ့ နမ္မတူမြို့နယ်ဘက်(၁)မိုင် ပေါင်း(၃)မိုင်သာ အတက်အဆင်း မက်စောက်တဲ့အပိုင်း ဖြစ်ပါတယ်။ နမ္မတူမြို့နယ်ဘက် (၁)မိုင်မှာ အတက်/အဆင်း အလွန်မတ်စောက် ခြင်း၊ အကွေ့အကောက်များခြင်းတို့ကြောင့် လမ်းအူကြောင်း အသစ်ရှာဖွေရန် လိုအပ်ပါတယ်။ ၎င်း (၆)မိုင် ပြီးပါက နမ့်ဆန်မြို့နယ် အရှေ့ဘက်ခြမ်းရှိ ပြည်သူများသည် စီးပွားရေးချောင်လည်ကာ လူမှုစီးပွားရေးပါ အဆင်ပြေချောမွေ့လာမည် ဖြစ်ပါတယ်။ ယခု လောလောဆယ် (၅၀)ကီလို ဆန်အိတ် တစ်ပိုင်းကို မန်စံလမ်းမှ ကားဖြင့် တင်လာပါက ကားတင်ခ (၈၀၀) ကျပ်သာ ကျသော်လည်းပဲ မြင်း၊ နွား ဖြင့် တင်ရသဖြင့် ၎င်းဆန်အိတ် တစ်ပိုင်းကို (၄၀၀၀)ကျပ် ကျသင့်ပါတယ်။ အမြန်ပြီးစီးနိုင်လေ ကျေးလက်ဒေသ ဆင်းရဲမွဲတေမှုကို မြန်မြန်လျော့ပါးနိုင်လေ ဖြစ်စေပါတယ်။ တောင်ပေါ်ဒေသဖြစ်တဲ့ အားလျော်စွာ အတက်/အဆင်း များခြင်း၊ မိုးများခြင်းတို့ကြောင့် ဖောက်လုပ်ပြီးသော မြေသားလမ်းကို ကတ္တရာလမ်း မခင်းနိုင်သေးခင်စပ်ကြား အမြန်ဆုံး ကျောက်ချောလမ်းခင်းခြင်း၊ ရေမြောင်းကို စနစ်တကျ ဖောက်လုပ်ခြင်း ဆောင်ရွက်နိုင်မှသာ ရေရှည်သွားလာမှာ ဖြစ်ပါတယ်။ သို့မဟုတ်ပါက မိုးရေတိုက်စားခြင်း၊ မိုးရေတိုက်စားသဖြင့် မြေပြိုခြင်း၊ လမ်းသားပဲ့ကျခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုမိုလွယ်ကူမြင်သာစေရန် Power Point ဖြင့် အနည်းငယ် တင်ပြခွင့်ပြုပါ။ ဒါက နမ့်ဆန်မြို့နယ်ရဲ့ မြေပုံ ဖြစ်ပါတယ်။ အခု ကျွန်တော် တင်ပြထား သော စာက နမ့်ဆန်မြို့နယ်ရဲ့ အရှေ့ဘက် ကျေးရွာအုပ်စု(၅)အုပ်စု အပိုင်းပဲ ဖြစ်ပါတယ်။ ဒီအပိုင်း ကတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ဖောက်လုပ်ထားခဲ့တဲ့ နမ့်ဆန်မြို့နယ်က

တက်လာတဲ့ အပိုင်းတွေ ဖြစ်ပါတယ်။ အကွေ့အကောက်များပါတယ်။ ဒီလမ်းက ကျောက်ချောလမ်း ခင်းထားပြီးဖြစ်ပါတယ်။ ဒီလမ်းမှာလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဒီနှစ်ထဲမှာပဲ ဖောက်လုပ်ထားတဲ့ (၂၀)နဲ့ (၂၀)မိုင်အတွင်း မန်စံရွာကနေအထက်မှာ ငယ်တဲ့အတွက် အတက်လမ်းပဲ ဖြစ်ပါတယ်။ ဒီအပိုင်းကတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဖောက်လုပ်ထားတဲ့ ကျောက်ချောလမ်း ဖြစ်ပါတယ်။ ဒါလည်း ထိုနည်းလည်းကောင်းပဲ ကျောက်ချောလမ်းပါ။ ဒါလည်း ထိုနည်းလည်းကောင်းပါပဲ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဖောက်လုပ်ထားတဲ့ ကျောက်ချောလမ်း ဖြစ်ပါတယ်။ ဒါက ၂၀၁၂-၂၀၁၃ လမ်းပိုင်း ဖြစ်ပါတယ်။ လမ်းကို မြေသားလမ်း (၃၂)ပေ ဖောက်လုပ်ထားပါတယ်။ သို့သော်လည်းပဲ ကျောက်ချောလမ်းကို မခင်းနိုင်တဲ့ အတွက် မိုးရေတိုက်စားလို့ လမ်းဟာ တော်တော်လေး သွာလို့လာလို့ ခက်ခဲပါတယ်။ ရေမြောင်းလည်း စနစ်တကျ ဖောက်လုပ်ထားခြင်း မရှိပါဘူး။ ဒီလမ်းပိုင်းကတော့ မြေသားလမ်း ဖြစ်ပါတယ်။ ကျောက်ချောလမ်း မခင်းရသေးတဲ့ လမ်း ဖြစ်ပါတယ်။ ဒီလမ်းပိုင်းကတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ခွင့်ပြုထားတဲ့ ပိုက်ဆံနဲ့၊ ဘဏ္ဍာငွေနဲ့ မြေသားလမ်း (၃၄)ပေ (၇)မိုင်နဲ့ (၆)ဖာလုံ ဖောက်ထားတဲ့ လမ်းဖြစ်ပါတယ်။ ဒါလည်း ထိုနည်းဒုင်းပဲ မြေသားလမ်း (၃၄)ပေ မြေသားလမ်း ဖြစ်ပါတယ်။

ဒါလည်း ဒီနှစ်အတွင်းမှာ ဖောက်လုပ်ထားတဲ့ (၃၂)ပေ မြေသားလမ်းဖြစ်ပါတယ်။ ဒီဥစ္စာကတော့ (၃၄)ပေရှိတဲ့ မြေသားလမ်းပေါ်မှာ မမျှော်လင့်ဘဲနဲ့ ကျောက်တုံးနဲ့ သွားတိုးပါတယ်။ ဒီကျောက်တုံးကို ကျွန်တော်တို့က စက်ကိရိယာနဲ့ ဘူဒိုဇာနဲ့ Backhoe နဲ့ဖောက်လို့ မရဘူး။ မိုင်းခွဲဖို့ဆိုတာလည်း သက်ဆိုင်ရာနယ်မြေရဲ့ လုံခြုံရေးအရ အခုလောလောဆယ် မိုင်းကို မပေးသုံးနိုင်တဲ့ အတွက် ဒီလိုပဲ လမ်းကို ဆက်ထားပါ။ ဒီနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုထားတဲ့ (၃၄)ပေ မြေသားလမ်းအကျယ် ဒီမှာပဲ ဆုံးသွားပါတယ်။ ဒါကတော့ ပြည်သူလူထု လုပ်အားနဲ့ ဖောက်လုပ်ထားတဲ့ ကိုယ်ထူကိုယ်ထလမ်း မခင်းရသေးတဲ့ လမ်းပိုင်းပဲ ဖြစ်ပါတယ်။

ဒါလည်း ထိုနည်းလည်းကောင်းပါ နမ့်ဆန်ဘက် အပိုင်းပါ။ ဒါကတော့ ပြည်သူ့လုပ်အားဖြင့် ဖောက်လုပ်ထားတဲ့ မြေသားလမ်း ဖြစ်ပါတယ်။ ဒါက နမ္မတူဘက် အပိုင်း ဖြစ်ပါတယ်။ ဒါလည်း ထိုနည်းဒုင်းပါ နမ့်ဆန်ဘက်အပိုင်းပါ။ ဒါကတော့ ခန့်မှန်းခြေ (၂၆)မိုင် (၄)ဖာလုံမှာရှိတဲ့ နမ့်ကြိမ်ချောင်းပဲ ဖြစ်ပါတယ်။ ယခင်တုန်းက ဒီလမ်းမှာ တံတားအဟောင်း ရှိပါတယ်။ ပေ (၅၀)ရှိတဲ့ တံတား ဖောက်လုပ်ထားပါတယ်။ အဲဒီတံတားဟာလည်း (၅) နှစ်တစ်ခါ (၆)နှစ်တစ်ခါ ရေရဲ့ စီးတဲ့ဒဏ် တိုက်စားတဲ့ဒဏ်ကို မခံနိုင်လို့ ပြိုပြိုသွားတဲ့အပိုင်းပဲ ဖြစ်ပါတယ်။ ယခုလောလောဆယ် ဒီလိုပဲ ချောင်းထဲမှာ ဖြတ်မောင်းနေရပါတယ်။ ဒါကတော့ နမ့်ကြိမ်ချောင်းတံတားမှာ ပြည်သူလူထုဘဏ္ဍာငွေဖြင့် စုပေါင်းပြီးတော့မှ တည်ဆောက်ထားတဲ့ တံတား ဖြစ်ပါတယ်။ မြင်းရယ်၊ နွားရယ်၊ ဆိုင်ကယ်ရယ် သွားလာနိုင်ပါတယ်။ ကားတော့ သွားလာလို့ မရပါ။ ဒီတံတားက ၁၉၃၀ ခုနှစ်တုန်းက ဒုတိယကမ္ဘာစစ် မတိုင်ခင်တုန်းက တည်ဆောက်ထားတဲ့ ကြိုးတံတားပဲ ဖြစ်ပါတယ်။ မှတ်တမ်းမှတ်ရာ လိုက်ရှာ၍လည်း မတွေ့တော့ပါ။ ဒုတိယကမ္ဘာစစ်တုန်းက ဒါက ဗုံးကြဲခံရတဲ့အတွက် ဒီတံတားက လုံးလုံးကို ပျက်သွားပါတယ်။ ဒါပေမဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ကိုယ်ထူကိုယ်ထနဲ့ ဒီတံတားကို ပြုပြင်ပြီးတော့မှ မွမ်းမံပြီးတော့မှ သုံးပါတယ်။ ပြည်တွင်းစစ် ဖြစ်လာတဲ့အချိန်အခါမှာ ၁၉၉၀ ပတ်ဝန်းကျင်လောက်တုန်းက တံတား ဒီတံတားကို လုံးလုံးကို ပျက်ကျတဲ့အထိ ဖျက်ချခံလိုက်ရပါတယ်။

သို့သော်လည်းပဲ ဒီတံတားကို တိုင်းမှူး န.မ.ခ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်လက်ထက်မှာ ၂၀၀၇ ခုနှစ်၊ ၂၀၀၈ ခုနှစ် ပတ်ဝန်းကျင်မှာ ကြိုးတံတား ဒီအပေါ်က ကြိုးလေးချောင်းကို ထည့်ပြီးတော့မှ ပြည်သူလူထုအားနဲ့ သိန်း ပေါင်း (၅၀၀) ကုန်ကျခံပြီးတော့မှ ပြန်လည်ပြုပြင်မွမ်းမံပြီးတော့မှ ယနေ့အထိ သွားလာနေရပါတယ်။ သို့သော်လည်းပဲ ဒီတံတားကို ထိန်းသိမ်းမှုပြုပြင်မှုမရှိတဲ့အတွက်မို့ ယနေ့ထိ ကားကို ပေးသွားခြင်းမရှိပါဘူး။ ဒါလည်း သာပန်းတော ကြိုးတံတားပါ။ ဒါ ကြိုးတံတားရဲ့ အဆက်ဖြစ်ပါတယ်။ ဆိုလိုချင်တာက အင်္ဂလိပ်လက်ထက်မှာ ဆောက်ထားတဲ့ ကြိုးတံတားဟာ ကြိုးက ဒီထက် ကြီးပါတယ်။ အခု ပြန်လည်ထည့်ပေးလိုက်တဲ့ ကြိုးက ငယ်တဲ့အတွက်ကြောင့်မို့ သူ့အနေအထားကို ခုပြီးတော့မှ သုံးရတဲ့ အပိုင်း ဖြစ်ပါတယ်။ ဒါက ကားဖြတ်သွားတဲ့ အပိုင်းပါ။ (၁)တန်အောက် ကားပဲ ဖြစ်ပါတယ်။ ဒါက ဒီတံတားရဲ့ တည်ဆောက်ထားတဲ့ အပေါ်အပိုင်းပဲ ဖြစ်ပါတယ်။ အောက်ပိုင်းကို ဒီလိုပဲသစ်သားနဲ့ ညှပ်ပြီးတော့မှ အပေါ်မှာသစ်သား ခင်းထားခြင်းပဲ ဖြစ်ပါတယ်။ ဒါကတံတားရဲ့ တိုင် ခိုင်ခံ့မှု ဘယ်လောက်ရှိတယ်ဆိုတာ ဖော်ပြခြင်း ဖြစ်ပါတယ်။ နှစ်ပေါင်း (၈၀)ကျော် ရှိပါပြီ။

ဒီချောင်းက နာမည် (၄)ခု ရထားတဲ့ ချောင်းပဲ ဖြစ်ပါတယ်။ ခုန ကြိုးတံတားက ဒီချောင်းကို ဖြတ်သွားခြင်းပဲ ဖြစ်ပါတယ်။ ဒီချောင်းက နမ္မတူမြို့နယ်မှာဆိုရင်တော့ နမ္မတူချောင်းလို့ ခေါ်ပါတယ်။ နမ့်ဆန်မြို့နယ်ကျတော့ လေလုချောင်းလို့ ခေါ်ပါတယ်။ ခု လေလုချောင်းပဲ၊ နောက်ပြီးတော့မှ ဒီချောင်းဟာ သီပေါရောက်သွားတဲ့အခါ ဒုဋ္ဌဝတီမြစ် ဖြစ်သွားပါတယ်။ နောက် မန္တလေးတိုင်း ရောက်တဲ့အခါမှာ ဒါက မြစ်ငယ်မြစ် ဖြစ်ပါတယ်။ ဒါ (၁၈) ရက် (၅)လတုန်းက သွားရောက်ပြီးတော့ စစ်ဆေးပြီး ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့၊ နောက် လမ်းကော်မတီ၊ နောက်တစ်ခါ အင်ဂျင်နီယာ အားလုံး ပါဝင်ပြီးမှ ဒီတံတားအခြေအနေကို သွားရောက်စစ်ဆေးခဲ့ခြင်း ဖြစ်ပါတယ်။ ဒါက စောစောပိုင်းတုန်းက တင်ပြထားတဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ သိန်းပေါင်း (၁၀၀၀)လျာထားပါတယ်။ သိန်းပေါင်း (၁၀၀၀)ထဲမှာ သိန်းပေါင်း(၅၀၀)ကို ကတ္တရာလမ်း၊ သိန်းပေါင်း(၅၀၀)ကို မြေသားလမ်း ဆက်ဖောက်ဖို့ပဲ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့်မို့ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ နမ့်ဆန်-မန်စံလမ်းမှ ကျန်ရှိသောလမ်းပိုင်းကို အမြန်ဆုံး ပြီးစီးအောင် (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်) ဖြည့်စွက်ဘတ်ဂျက်ငွေဖြင့် အရှိန်မြှင့်ပြီး ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တီးတိန်-ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေး လမ်းအား အဆင့်တိုးမြှင့်၍ ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန် က တီးတိန်-ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေး လမ်းအား အဆင့်တိုးမြှင့်၍ ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် အနေနဲ့ မေးမြန်းမှာကတော့ တီးတိန်-ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးလမ်းအား အဆင့်တိုးမြှင့်၍ ကတ္တရာလမ်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်အတွင်းရှိတဲ့ မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ တီးတိန်-ရိဒ်ခေါဒါရ်လမ်း (၃၂)မိုင် (၃)ဖာလုံသည် နိုင်ငံတော်မှ ပေ(၃၀)အကျယ် ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ခဲ့သောလမ်း ဖြစ်ပါတယ်။ ဒီလမ်းသည် ယခင်နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်၌ အိန္ဒိယနိုင်ငံအစိုးရနဲ့ နှစ်နိုင်ငံသဘောတူညီမှုဖြင့် အိန္ဒိယအစိုးရမှတာဝန်ယူပြီး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် ဖောက်လုပ်ပေးရန်ဖြစ်ကြောင်း သိရှိရပါတယ်။ သို့သော် နှစ်ပေါင်းအတော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယနေ့အထိဆောင်ရွက်ပေးခြင်း မရှိသေးသည်ကို တွေ့ရှိရပါတယ်။ နိုင်ငံတော်အနေနဲ့ ဤလမ်းအတွက် အဆင့်မြှင့်ဆောက်လုပ်ရန် ရန်ပုံငွေခွဲဝေချထားပေးခြင်း မရှိတော့ဘဲ နှစ်စဉ် ပြင်ဆင်စရိတ် အနည်းငယ်ဖြင့်သာ ပြင်ဆင်ထိန်းသိမ်းရတဲ့အတွက် တစ်နှစ်ပြီး တစ်နှစ် အဆင့်နိမ့်ကျလျက် ပျက်စီး နေရပါကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤလမ်းမကြီးသည် နိုင်ငံတော်အတွက် သော်လည်းကောင်း၊ ဒေသခံပြည်သူများအတွက်ပါ များစွာအထောက်အကူပြုသော လမ်းမကြီးဖြစ်ပါသဖြင့် ကတ္တရာလမ်းအဖြစ် အမြန်ဆုံး တိုးချဲ့ဆောင်ရွက်ပေးနိုင်ရန် အိန္ဒိယအစိုးရနှင့် ညှိနှိုင်း၍ သော်လည်းကောင်း၊ အကယ်၍ အိန္ဒိယအစိုးရက တာဝန်ယူဆောက်လုပ်ပေးရန် အစီအစဉ် မရှိတော့ပါကလည်း နိုင်ငံတော်၏ဘဏ္ဍာငွေဖြင့် ကတ္တရာလမ်းအဖြစ် အမြန်ဆုံးအဆင့် တိုးမြှင့် ဆောက်လုပ်ပေးဆောင်ရွက်သင့်ပြီဟု ထင်မြင်ယူဆမိပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို ကျွန်တော့်အနေနဲ့မေးမြန်းတင်ပြလိုပါတယ်။ (က) တီးတိန်- ရိဒ်ခေါဒါရ်လမ်း၊ ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးလမ်းအား အိန္ဒိယအစိုးရမှ အဆင့်မြှင့်ကတ္တရာလမ်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ (ခ) အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်မည်၊ (ဂ) အိန္ဒိယအစိုးရမှ အစီအစဉ်မရှိပါက နိုင်ငံတော်အစိုးရအနေဖြင့် ကတ္တရာလမ်းအဖြစ် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၆။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြား ထားတဲ့ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်မြင့်သိန်းမှ မေးမြန်းထားတဲ့ မုဒုံ-မြဝတီ လမ်းပေါ်မှာရှိတဲ့၊ မိုင်တိုင် ၅၇/၀ နဲ့ ၅၈/၀ ကြားမှာရှိတဲ့ တံတားအမှတ် ၃/၅၈ လှိုင်ကွယ်တံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုသည့်မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်တင်ပြချက်အား ပိုမိုရှင်းလင်းစေရန် အတွက် Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကျွန်တော်တို့ မုဒုံ-မြဝတီ ကားလမ်းဟာ ဒီအနီရောင်နဲ့ပြထားတဲ့ ကားလမ်းဖြစ်ပါတယ်။ ဒီလမ်းပေါ်မှာ ဒါကျွန်တော်တို့ လှိုင်ကွယ်တံတား ဆိုတာ ဒီဟာဖြစ်ပါတယ်။ ဒီတံတားကို တင်ပြသွားခြင်းဖြစ်ပါတယ်။ နောက်တစ်ခု ကြိုတင်ပြီးတော့ တင်ပြသွားတာက ဒီဟောင်သရော တံတားဖြစ်ပါတယ်။ ဟောင်သရောတံတား ကတော့ မြောက်ကြာအင်း နဲ့ တောင်ကြာအင်း ကြားမှာရှိတဲ့ ဟောင်သရောတံတားနဲ့ ပတ်သက် ပြီးတော့လည်း ကိုယ်စားလှယ်ကြီးတင်ပြသွားတာဖြစ်ပါတယ်။ ကျွန်တော်တို့က ဒီ မုဒုံ- ကော့ကရိတ်- မြဝတီလမ်းနဲ့အတူ တစ်ဖက်ကလည်းပဲ ရန်ကုန်- ဘားအံ- ကော့ကရိတ်- မြဝတီလမ်း ဆုံတဲ့နေရာ နားမှာ ရှိတဲ့အတွက် ဒီတံတားက အရေးကြီးလို့ ဒါကိုဆောက်ပေးဖို့ပြောခြင်းဖြစ်ပါတယ်။ ဒီအပြင် ဒီဟောင်သရောတံတား တည်ဆောက်ပြီးသွားတဲ့အခါမှာ ဒီတံတားတစ်ခုဟာ ယာယီတံတား အနေနဲ့ ကျန်ခဲ့မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီတံတားကို အမြန်တည်ဆောက်ပေးဖို့ ကျွန်တော်တို့ကို ဒါတင်ပြသွားခြင်းဖြစ်ကြောင်း ကျွန်တော် သဘောပေါက်နားလည်ပါတယ်။

ဒီတံတားနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဟောင်သရောတံတားကတော့ ကျွန်တော်တို့ စီမံချက်အတိုင်း ဆောင်ရွက်နေတဲ့အတွက် ကျွန်တော်တို့ ပြီးစီးသွားမှာပါ။ ဒီလှိုင်ကွယ်တံတားနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့တင်ပြရရင် တံတားရဲ့ လက်ရှိအခြေအနေဟာ ကျွန်တော်တို့ ဒီတံတားဟာ လှိုင်ကွယ်ဘက်မှာ ပေ(၁၂၀) အရှည် သစ်သားတံတားအဖြစ် ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ အလယ်မှာ ကျွန်တော်တို့ ပေ(၉၀)အရှည် Double Single နှစ်လွှာတစ်ထပ် ဘေလီနဲ့ ကျွန်တော်တို့ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဟိုဘက်ထိပ်မှာတော့ ကျွန်တော်တို့ (၁၅ ပေ x ၄ ခန်း) ပေ (၆၀)နဲ့ သစ်သားတံတားဆိုပြီးတော့ ဒီလိုတည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒီတံတားကို ကျွန်တော်တို့ ပြန်လည်ပြီး သုံးသပ်တဲ့အခါမှာ ဒီအလယ်ပိုင်းမှာတော့ ကျွန်တော်တို့က ဘေလီ ပေ (၉၀)ထားပါတယ်။ ဒီဘက်နှစ်ဖက်မှာတော့ သစ်သားတွေနဲ့ ဆက်ထားတဲ့ အရှည်ပေ (၇၂၀)ရှိတဲ့တံတားဖြစ်ကြောင်း ကျွန်တော်တို့ တင်ပြပါတယ်။ ဒီတံတားကို ဘယ်လိုပဲဖြစ်ဖြစ် ဒေသ အတွက် ဒီမုဒုံ- မြဝတီလမ်းပြီးသွားတဲ့အခါမှာ ဒီတံတားဟာ အရေးပါတဲ့တံတားတစ်ခု ဖြစ်လာမှာ

သေချာတဲ့အတွက် ကျွန်တော်တို့ဟာ ဒီတံတားကြီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကွန်ကရစ် တံတားအဖြစ် ဆောင်ရွက်နိုင်ဖို့ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ အမှတ်(၇) မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစံပြည့် မှ မေးမြန်းထားတဲ့ မိုးကောင်းမြို့တွင်းလမ်းအား (၂၄)ပေအကျယ် ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ ဆောင်ရွက် ပေးမယ့်အစီအစဉ်ကိုသိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ် အပိုင်းမှာပါဝင်တဲ့ ရွှေဘို - မြစ်ကြီးနားလမ်းမှာ မိုးကောင်းမြို့အတွင်းလမ်းဟာ (၁)မိုင် (၄)ဖာလုံ ရှည်လျားပါတယ်။ အဲဒီလမ်းရဲ့ လက်ရှိအခြေအနေကတော့ (၁၈)ပေအကျယ် ကတ္တရာလမ်း ဖြစ်ပါ တယ်။ အဲဒီလမ်းမကြီးဟာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း မြို့လယ် လမ်းမကြီး ဖြစ်တာကြောင့် ခရီးသည်တင် ဘတ်စ်ကားတွေ၊ ကုန်သည်ယာဉ်တွေ ယာဉ်ပေါင်းစုံ သွားလာမှုတွေ အများဆုံးရှိတဲ့အပိုင်းဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ အထိ ကျွန်တော်တို့ စောင့်ဆိုင်းနေခြင်းမပြုတော့ဘဲနဲ့ ဒီကြားထဲမှာပဲ ကျွန်တော်တို့ ပြည်ထောင်စု အထူးပြင်ဆင် ထိန်းသိမ်းရေးရန်ပုံငွေနဲ့ ဒီလမ်းမကြီးကို (၁၈)ပေက နေပြီးတော့ (၂၄)ပေ အကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းကျော် မှ မေးမြန်းထားတဲ့ နမ့်ဆန်-မန်စံလမ်းမှ ကျန်ရှိတဲ့ (၆)မိုင် လမ်းပိုင်းကို အမြန်ဆုံး ပြီးစီးအောင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဖြည့်စွက်ဘတ်ဂျက်ငွေဖြင့် အရှိန်မြှင့် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီဟာနဲ့ ပတ်သက်လို့ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းကျော် ကလည်း Power Point တွေနဲ့ အသေးစိတ်တင်ပြသွားပြီဖြစ်တဲ့အတွက် ကျွန်တော် Power Point အသေးစိတ်ကို တင်ပြခြင်းမပြုတော့ဘဲနဲ့ ကျွန်တော် ဆောင်ရွက်မယ့်အပိုင်းကို တင်ပြမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းမှာရှိတဲ့ နမ့်ဆန်-မန်စံလမ်းဟာ လမ်းအရှည်အားဖြင့် (၃၃)မိုင်နဲ့ (၁)ဖာလုံ ရှည်လျားတာဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်အထိ (၁၄)ပေအကျယ် မြေသားလမ်း ချဲ့ခြင်း (၂၄)မိုင် (၃)ဖာလုံ နဲ့ အမာခံလမ်းခင်းခြင်း (၁၂)မိုင် (၄)ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့တာ ဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းများအနေနဲ့ မြေသားလမ်းချဲ့ခြင်း (၈)မိုင် (၆)ဖာလုံ ကျန်ရှိပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း(၁၀၀)နဲ့ မြေသားလမ်းချဲ့ခြင်း(၂)မိုင်၊ နမ့်ဆန်မြို့အထွက် ကတ္တရာလမ်းသစ်ခင်းခြင်း (၄)ဖာလုံဆောင်ရွက်မှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ ကျပ်သန်း (၂၀၀) ကျွန်တော်တို့ ဖြည့်စွက်ပြီးထည့်ပေးမှာဖြစ်ပါတယ်။ အဲဒီငွေနဲ့ မြေသားလမ်းချဲ့ခြင်း (၄)မိုင် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မြေသားလမ်းအဆင့် ဆောင်ရွက်ရန် (၂)မိုင်၊ (၆)ဖာလုံ သာ ကျန်ရှိမှာဖြစ်တဲ့အတွက် အဲဒီကျန်ရှိတဲ့ (၂)မိုင်၊ (၆)ဖာလုံအတွက် လိုအပ်တဲ့ငွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေမှာ ကျွန်တော်တို့ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားပါ့မယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နမ့်ဆန်-မန်စံလမ်းကို ပြည်သူများ အမြန်ဆုံး အသုံးပြုနိုင်သော ရာသီမရွေးသွားလာနိုင်တဲ့အဆင့်ရောက်ရှိအောင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေများ တင်ပြတောင်းခံ၍ အမာခံလမ်း၊ ကျောက်လမ်း အဆင့်ဆင့်ကိုရရှိအောင် တိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခမ်ဆွင်းမုန်မှ မေးမြန်းထားတဲ့ မေးခွန်း(၃)ခုကို ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအမှတ်(၁) ဖြစ်တဲ့ တီးတိန်- ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးလမ်းဟာ အိန္ဒိယအစိုးရမှ တာဝန်ယူဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိနဲ့ ပတ်သက်ပြီးတင်ပြရရင် ချင်းပြည်နယ် ဖလမ်းခရိုင်အတွင်းမှာရှိတဲ့ တီးတိန်- ရိဒ်လမ်းဟာ (၃၁)မိုင် (၅)ဖာလုံရှည်လျားပြီးတော့ ၃၁-၃-၂၀၁၄ နေ့အထိ လမ်းအခြေအနေကတော့ ကတ္တရာလမ်း (၂)မိုင် (၂)ဖာလုံ ၊ ကျောက်လမ်း(၂၉)မိုင် (၃)ဖာလုံ စုစုပေါင်း(၃၁)မိုင် နဲ့ (၅)ဖာလုံ ဖြစ်ပါတယ်။ တီးတိန်-ရိဒ်လမ်းကို အိန္ဒိယအစိုးရအကူအညီ ထောက်ပံ့ငွေ (Grant)နဲ့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ နားလည်မှုစာချွန်လွှာ(Memorandum of Understanding-MoU) ရေးထိုးခဲ့တာဖြစ်ပါတယ်။ မေးခွန်းအမှတ် (၂)ဖြစ်တဲ့ အစီအစဉ်ရှိပါက မည်သည့်နေ့၊ မည်သည့်အချိန်တွင် စတင်မည်ကို တင်ပြရရင် အိန္ဒိယအစိုးရအကူအညီနဲ့ ဆောင်ရွက်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ အိန္ဒိယ ကွင်းဆင်းလေ့လာရေးအဖွဲ့ လာရောက်ခဲ့ပါတယ်။ လမ်းအူကြောင်းရှာဖွေလေ့လာဖို့ Survey အဖွဲ့ စေလွှတ်တိုင်းတာ တွက်ချက်ပြီးလည်းဖြစ်ပါတယ်။ အိန္ဒိယပြည်ပရေးရာဌာနက ယခုအချိန်မှာ တင်ဒါခေါ်ယူနေပါတယ်။ တင်ဒါခေါ်ယူပြီးတဲ့အချိန်မှာ မြန်မာနိုင်ငံကို အကြောင်းပြန်ကြားပြီး လုပ်ငန်းများ စတင်မှာဖြစ်ပါတယ် ခင်ဗျား။

မေးခွန်းအမှတ်(၃)ဖြစ်တဲ့ အိန္ဒိယအစိုးရမှ အစီအစဉ်မရှိပါက နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့်နေ့၊ မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိလိုသည့် မေးခွန်းနဲ့ပတ်သက်ပြီး တင်ပြရရင် ယခုလက်ရှိအချိန်မှာ အိန္ဒိယအစိုးရအစီအစဉ်နဲ့ ဆောင်ရွက်မယ့်အခြေအနေကတော့ အကြိုအင်ဂျင်နီယာများ လုပ်ငန်းဆောင်ရွက်နေတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နှစ်စဉ်ရန်ပုံငွေများ ထည့်သွင်းပြီးတော့ လမ်းပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း(၂၀၀)နဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် (၃၈)သန်း စုစုပေါင်း (၂၃၈)သန်းနဲ့ ကျောက်စီမြေကာနံရံနဲ့တွဲလျက် (၅ပေx၂၈)ပေ သံကူကွန်ကရစ် ရေထုတ်ပြွန်အစင်း(၂၀)၊ (၇၀)ပေအရှည် ကျောက်စီမြေကာနံရံ (၁)ခု၊ တောင်ပြိုမြေနဲ့ ဗွက်တန်းများဖယ်ရှားခြင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တီးတိန်-ရိဒ်လမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း(၁၀၀)၊ ပြည်နယ်ရန်ပုံငွေ ကျပ်(၅၅)သန်း စုစုပေါင်း ကျပ် (၁၅၅)သန်းနဲ့ ကတ္တရာလမ်းခင်းခြင်း(၄)ဖာလုံ၊ မြေကာနံရံနဲ့တွဲလျက် သံကူကွန်ကရစ် ရေထုတ်ပြွန်(၁)စင်း၊ ကျောက်လမ်းပြုပြင်ခြင်း(၆)မိုင်နဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

သွားမှာဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးမြင့်ထွန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဝင် ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀)က ကျွန်တော် ဦးမြင့်ထွန်း အနေနဲ့ ဒီကော်မတီရဲ့ တာဝန်ပေးချက်အရ ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြတဲ့ အစီရင်ခံစာကို တင်ပြသွားပါ့မယ်။

ဒီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က အရင်ဆွေးနွေး အတည်ပြုပြီးမှ ကျွန်တော်တို့ဆီ ပို့လိုက်တာဖြစ်ပါတယ်။ ကျွန်တော်တို့က ဇွန်လ ၁၉ ရက်နေ့မှာ ရရှိပြီးတော့ ဇွန်လ ၂၅ ရက်နေ့မှာ ကျွန်တော်တို့ကော်မတီနဲ့ သတ္တုတွင်းဝန်ကြီးဌာနက မြန်မာ့ပုလဲထုတ်လုပ်ရေးနဲ့ ရောင်းဝယ်ရေး လုပ်ငန်း ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံပြီးတော့ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ လေ့လာတွေ့ရှိချက်တွေကတော့ အားလုံး (၅)ချက် ကျွန်တော်တို့ တွေ့ပါတယ်။ ကိုယ်စားလှယ်ကြီးတွေကို ဝေထားတဲ့အတိုင်းဖြစ်ပါတယ်။

အဲဒီတော့ ပထမအချက်အနေနဲ့ အပိုဒ် (က)ကတော့ ဥပဒေကြမ်းအပိုဒ် ၁၂ မှာပါတဲ့ မူလဥပဒေ ပုဒ်မ ၂၅ (က)မှာ ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်အောက် အဆင့်မနိမ့်သော အရာရှိကြီးတစ်ဦးက ဦးဆောင်၍ဆိုတဲ့ စကားရပ်ဟာ ဘယ်ဌာနက ဦးဆောင် ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်ဆိုတာ အဓိပ္ပာယ်မဖွင့်ထားတဲ့အတွက်ကြောင့် ပိုပြီးတော့ တိကျသွားရအောင် ကျွန်တော်တို့က ပြင်လိုက်ပါတယ်။ ပြင်တဲ့ဥစ္စာက မိမိလက်အောက်ခံဌာန သို့မဟုတ် လုပ်ငန်းတစ်ခုခုမှ ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ် တစ်ဦးကို ဦးဆောင် စေသည်ဆိုတဲ့ စကားရပ်နဲ့ ပိုမိုပြီးတော့ ရှင်းလင်းသွားအောင် အစားထိုးသင့်တယ်လို့ ကျွန်တော်တို့ လေ့လာတွေ့ရှိပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ အချက်(ခ) ဥပဒေကြမ်း အပိုဒ် ၁၄ ဟာ မလိုတာတွေ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ ပယ်ဖျက်သင့်တဲ့အကြောင်းနဲ့ ကျန်တာတွေကို ပြောင်းလဲအမှတ်စဥ်သင့်ကြောင်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ တတိယအချက်ဖြစ်တဲ့ အပိုဒ်(ဂ)ကတော့ ဥပဒေကြမ်း အပိုဒ် ၁၆၊ အပိုဒ် ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂ တို့မှာ ဖော်ပြထားတာတွေကို ဒါတွေကိုကျွန်တော်တို့ အဓိပ္ပာယ်ပိုပြီးတော့ ရှင်းလင်းအောင် အသီးသီး အစားထိုးသင့်တာတွေ ကျွန်တော်တို့ တွေ့ပါတယ်။ အပိုဒ် ၆ ပိုဒ်ပါ။ ဒါကိုကျွန်တော် ဖတ်သွားပါ့မယ်။

၁၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၅ တွင်ပါရှိသော ငွေဒဏ်ကျပ် ၃၀၀,၀၀၀ ဆိုသည့် စကားရပ်ကို ငွေဒဏ်ကျပ်သိန်းငါးဆယ်ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ၂၉ အဖြစ် ပြန်လည်အမှတ်စဥ်ရမည်။ ကျွန်တော်တို့ အစားထိုးသင့်တယ်လို့ တွေ့ပါတယ်။ နောက်တစ်ချက် က ကျွန်တော်တို့ -

၁၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၂၇ တွင်ပါရှိသော ငွေဒဏ်ကျပ် ၁၀၀,၀၀၀ ဆိုသည့် စကားရပ်ကို ငွေဒဏ်ကျပ်သိန်းနှစ်ဆယ် ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၁ အဖြစ် ပြန်လည်အမှတ်စဥ်ရမည် ဆိုပြီးတော့ အစားထိုးသင့်တာတွေ့ပါတယ်။

၁၈။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ ပုဒ်မ၂၈ တွင်ပါရှိသော ငွေဒဏ်ကျပ် ၅၀၀,၀၀၀ ဆိုသည့် စကားရပ်ကို ငွေဒဏ်ကျပ်သိန်းငါးဆယ် ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၂ အဖြစ် ပြန်လည်အမှတ်စဥ်ရမည် ဆိုပြီးတော့ ကျွန်တော်တို့ အစားထိုးသင့်ကြောင်းတွေ့ပါတယ်။

၁၉။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ ပုဒ်မ၂၉ တွင်ပါရှိသော ငွေဒဏ်ကျပ် ၁၀၀,၀၀၀ ဆိုသည့် စကားရပ်ကို ငွေဒဏ်ကျပ်သိန်းနှစ်ဆယ် ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၃ အဖြစ် ပြန်လည်အမှတ်စဥ်ရမည် ဆိုပြီးတော့ ကျွန်တော်တို့ အစားထိုးသင့်တာတွေ့ပါတယ်။

၂၀။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၃၀ တွင်ပါရှိသော မည်သည့်ပြည်သူ့ဝန်ထမ်းမဆို ဆိုသည့် စကားရပ်ကို မည်သူမဆို ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၄ အဖြစ် ပြန်လည်အမှတ်စဥ်ရမည် ဆိုပြီးတော့ ကျွန်တော်တို့ အစားထိုးသင့်ကြောင်းတွေ့ပါတယ်။

၂၁။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေပုဒ်မ ၃၁ တွင်ပါရှိသော ငွေဒဏ်ကျပ် ၁၀၀,၀၀၀ ဆိုသည့် စကားရပ်ကို ငွေဒဏ်ကျပ်တစ်ဆယ်သိန်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၅ အဖြစ် ပြန်လည်အမှတ်စဥ်ရမည် ဆိုပြီးတော့ အစားထိုးသင့်တာကျွန်တော်တို့ တွေ့ပါတယ်။ လေ့လာ တွေ့ရှိတဲ့ စတုတ္ထအချက်ဖြစ်တဲ့

(ဃ) ဥပဒေကြမ်းအပိုဒ် ၁၇ မှာပါတဲ့ မြန်မာ့ပုလဲလုပ်ငန်းဥပဒေတွင် ပြန်လည်အမှတ်စဥ် ထားသော ပုဒ်မ ၃၀ ကို အောက်ပါအတိုင်းအစားထိုးရမည် ဆိုတဲ့စကားရပ်ကို မြန်မာ့ပုလဲလုပ်ငန်းဥပဒေတွင် ပုဒ်မ ၂၆ ကို ပုဒ်မ ၃၀ အဖြစ် အမှတ်စဥ်ပြောင်းလဲ၍ အောက်ပါအတိုင်း အစားထိုးရမည်ဆိုတဲ့စကားရပ်နဲ့ ကျွန်တော်တို့ အစားထိုးသင့်တဲ့ အကြောင်း တွေ့ပါတယ်။ အလားတူပဲ အပိုဒ်၂၃ မှာပါတဲ့ ပုဒ်မ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇ နှင့် ၃၈ တို့ကို ပုဒ်မ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀နှင့် ၄၁ ဆိုတဲ့ စကားရပ်ကို ကျွန်တော် တို့က ပုဒ်မ ၃၃၊ ၃၄၊ ၃၅၊ ၃၆ နှင့် ၃၇ တို့ကို ပုဒ်မ ၃၆၊ ၃၇၊ ၃၈၊ ၃၉ နှင့် ၄၀ ဆိုတဲ့

စကားရပ်နဲ့ ကျွန်တော်တို့ အစားထိုးသင့်တာတွေ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အပိုဒ် ၂၄ မှာကြည့်မယ်ဆိုရင်လည်း မြန်မာ့ပုလဲလုပ်ငန်းဥပဒေတွင် ပြန်လည်အမှတ်စဉ်ထားသော ပုဒ်မ ၄၁ ကို အောက်ပါ အတိုင်း အစားထိုးရမည် ဆိုတဲ့စကားရပ်ကိုတော့ မြန်မာ့ပုလဲလုပ်ငန်းဥပဒေတွင် ပုဒ်မ ၃၈ ကို ပုဒ်မ ၄၁ အဖြစ် အမှတ်စဉ်ပြောင်းလဲ၍ အောက်ပါအတိုင်း အစားထိုးရမည်ဆိုတဲ့စကားရပ်နဲ့ အဓိပ္ပာယ်ပိုပြီး ရှင်းလင်းသွားအောင် အစားထိုးသင့်တယ်လို့ ကျွန်တော်တို့ တွေ့ပါတယ်။ ကျွန်တော်တို့ လေ့လာတွေ့ရှိချက်တွေထဲက ပဉ္စမအချက်ဖြစ်တဲ့ (င)အနေနဲ့ တင်ပြပါ့မယ်။ ကျွန်တော်တို့ ပြင်ထားတဲ့အပိုဒ်တွေကလွဲလို့ ကျန်တဲ့အပိုဒ်တွေကို ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်းပဲ ထားသင့်တယ်လို့၊ သဘောတူသင့်တယ်လို့ ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ကော်မတီရဲ့ သဘောထားမှတ်ချက် တင်ပြပါမယ်။

ဒီဥပဒေကြမ်းကို ကျွန်တော်တို့ကော်မတီဟာ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနဲ့ ရောင်းဝယ်ရေးလုပ်ငန်းက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ပြီးတော့ အသေးစိတ်ညှိနှိုင်းမေးမြန်းဆွေးနွေးခဲ့ပြီးတဲ့အတွက်ကြောင့် လိုအပ်တာတွေကိုလည်း ကျွန်တော်တို့ ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်က အတည်ပြုပေးပါလို့ ဥပဒေကြမ်းကော်မတီကိုယ်စား လွှတ်တော်ကို လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၄-၇-၂၀၁၄(သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၅)နာရီအချိန်တွင် ရပ်နားပြီး (၁၁း၂၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) ၏ ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင် ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းထားတဲ့ ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၃။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင်က လေးစားစွာ ရိုသေ ဂါရဝပြုအပ် ပါတယ်ခင်ဗျား။ ကျွန်တော်ဒီနေ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်း သော ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများနေပျော်လာအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ် ကျွန်တော် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအဆိုကို တင်သွင်းသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးလှဆွေက ရခိုင်ပြည်နယ်တွင် ရခိုင် တိုင်းရင်းသား များနေပျော်စေရန် ဘက်စုံစီမံကိန်းများဆောင်ရွက်ပေးသင့်ကြောင်း၊ ရခိုင်လူမျိုးများကို ဦးစားပေးသည့် စက်ရုံအလုပ်ရုံ များ၊ ကမ္ဘာ့အဆင့်မီသည့် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ပေးပြီး ဝင်ငွေကောင်း သည့် စီးပွားရေး အခွင့်အလမ်းများကို ဖော်ထုတ်၍ အရင်းအနှီးများ၊ အထူးချေးငွေများ၊ မတည်ငွေများဖြင့် နေပျော်စေရန် ဆွဲဆောင်ရမည်ဖြစ်ကြောင်း၊ သတ္တုရတနာမြေများ ဖော်ထုတ်ပေး၍ ဒေသခံများအား

လုပ်ကွက်ချထားပေးခြင်း၊ နိုင်ငံခြားပညာရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ပြီး ဒေသခံများကို အမြတ်အစွန်းရရှိအောင် ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်သင့်ပါကြောင်း၊ ထို့အပြင် ဟိုတယ်ဇုန်များဖော်ထုတ်ပေး၍ လုပ်ကွက်များချထားပေးခြင်း၊ ဝန်ထမ်းများခန့်ထားပေးခြင်းနဲ့ စက်မှုဇုန်ကြီးများ ဥပမာ သီလဝါစက်မှုဇုန်ကဲ့သို့ တည်ထောင်ပေးခြင်းတို့ကို အခြားတိုင်းဒေသကြီးများနဲ့ ပြည်နယ်များထက် ရခိုင်ပြည်နယ်ကို ဦးစားပေး (၁)အဖြစ်လုပ်ဆောင်ပေးသင့်ကြောင်းတို့ကို အဆိုပြု တင်သွင်းသွားတာကို တွေ့ရတဲ့အတွက် ကိုယ်စားလှယ်တော်ကြီး ဦးလှဆွေရဲ့ ရခိုင်လူမျိုးများအပေါ် ထားရှိတဲ့ စိတ်စေတနာအပေါ် ကျွန်တော့်အနေနဲ့ အထူးကြည်ညို လေးစားမိပါကြောင်း ဦးစွာပထမ တင်ပြလိုပါတယ်။

ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်း(၆)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီစီမံချက်(၆)ချက်ကတော့ (၁)လုံခြုံရေး၊ (၂)ယာယီနေရာပြန်လည် ချထားရေး၊ (၃) အမြဲတမ်းပြန်လည်နေရာချထားရေး၊ (၄) ၁၉၈၂ ခုနှစ် ဥပဒေနဲ့အညီ နိုင်ငံသား စိစစ်ရေး၊ (၅)လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ (၆) ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးတို့ ဖြစ်ပါတယ်။ ဒီစီမံချက်(၆)ချက်ကို အကောင်အထည်ဖော်လုပ်ဆောင်ရာမှာ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့ နိုင်ငံတကာမှ ပူးပေါင်းကူညီသွားမယ်လို့ သိရပါတယ်။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရာမှာ လူဦးရေတစ်သိန်းကျော်ကို ပြန်လည်နေရာချထားရေးလုပ်ငန်းများ လုပ်ဆောင်ရမှာဖြစ်ပြီး အခြေခံအဆောက်အဦများဖြစ်သည့် လမ်းတံတား၊ လျှပ်စစ်မီး၊ သောက်သုံးရေရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေး၊ ဒေသခံများ၏ ပညာရေးအဆင့်အတန်းနိမ့်ကျမှုအား မြှင့်တင်ပေးရန်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန်၊ ပုဏ္ဏားကျွန်းတွင်စက်မှုဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့ကို တည်ဆောက်ပေးရန် တို့ကို အထူးဦးစားပေးအနေနဲ့ဆောင်ရွက်နေကြောင်းသိရပါတယ်။

စီးပွားရေးအခြေခံကောင်းများ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့အနောက်ဘက် ရခိုင်ရိုးမတောင်တန်းနှင့် ဘင်္ဂလားပင်လယ်ကြားတွင် တည်ရှိတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ မြောက်ဘက်ပိုင်းမှာ ကျယ်ဝန်းပြီး တောင်ပိုင်းသို့ တဖြည်းဖြည်း ကျဉ်းမြောင်းသွားတဲ့ ကမ်းမြှောင်ဒေသ ဖြစ်ပါတယ်။ ဒီပင်လယ်၊ ဒီကုန်းတွင်းပိုင်းနှင့် ရခိုင်ရိုးမတောင်တန်းတို့ဟာ ရခိုင်လူမျိုးတို့ကို ပေးထားတဲ့ သဘာဝအရင်းအမြစ်များ ဖြစ်ကြပါတယ်။ ပျမ်းမျှခြင်းအားဖြင့် နှစ်စဉ်မိုးရေချိန်လက်မ (၂၀၀)အထက်မှာ ရှိပါတယ်။ ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်း၊ ရေသယံဇာတပစ္စည်းများ၊ ကုန်းတွင်းပိုင်း၊ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများနှင့် ရိုးမတောင်တန်းပေါ်ရှိ သစ်၊ ဝါးနှင့် သစ်တောသယံဇာတပစ္စည်းတွေဟာ ပြည်နယ်တစ်ခုလုံးရှိ ရခိုင်လူမျိုးတို့ရဲ့ အသက်မွေးဝမ်းကျောင်းမှုကို လုံလောက်အောင် အထောက်အကူပြုလျက် ရှိပါတယ်။

ပင်လယ်ပြင်ရှိတဲ့အတွက် နိုင်ငံတကာနှင့်ကုန်စည်ကူးသန်းရောင်းဝယ်ရေး အခွင့်အလမ်းတွေရှိပါတယ်။ ရခိုင်ပြည်နယ်မှာကမ္ဘာ့အကြီးဆုံးသင်္ဘောတွေ ဆိုက်ကပ်လို့ရတဲ့ ရေနက်ဆိပ်ကမ်းတွေ

တည်ဆောက်နိုင်တဲ့နေရာတွေ ရှိပါတယ်။ သီလဝါထက် ကြီးမားတဲ့စက်မှုဇုန်တွေ ဆောက်မယ်ဆိုရင်လည်း ဆောက်နိုင်တဲ့နေရာတွေ ရှိပါတယ်။ နိုင်ငံခြားတိုင်းပြည်တွေနဲ့ လေကြောင်း၊ ရေကြောင်းအားဖြင့် တိုက်ရိုက်ကုန်သွယ်မှုပြုမယ်ဆိုလည်း ပြုလုပ်နိုင်တဲ့နေရာတွေ ရှိပါတယ်။ ဒီအခြေခံကောင်းတွေဟာ ရခိုင်ပြည်နယ်မှာ အခုမှရှိလာတာ မဟုတ်ပါဘူး။ အစတည်းကရှိခဲ့တဲ့ အခြေခံတရားတွေ၊ အခြေခံကောင်းတွေ ဖြစ်ပါတယ်။ ဒီလိုအခြေခံကောင်းတွေရှိတဲ့ ရခိုင်ပြည်နယ်မှာ အလုပ်အကိုင် အခွင့်အလမ်းတွေမရှိ၊ အရင်းအနှီးတွေ မရှိ၊ နည်းပညာ တတ်ကျွမ်းမှုမရှိဘဲ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေရတာဟာ မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ နိုင်ငံရေးစနစ်တွေကြောင့်ပဲ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်တစ်ခုတည်းမှာ ဖြစ်ရတဲ့ကိစ္စကြောင့် မဟုတ်ပါဘူး။ တခြားသောတိုင်းနဲ့ ပြည်နယ် (၁၃)ခုမှာလည်း ဒီလိုပဲဖြစ်ခဲ့ရပါတယ်။ ၁၉၅၈ ခုနှစ် အရှေ့တောင်အာရှနိုင်ငံတွေမှာ အချမ်းသာအကြွယ်ဝဆုံးတွေဖြစ်ခဲ့တဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ ဖြစ်သွားခဲ့ရတာဟာ မတော်တဆကြောင့် ဖြစ်ခဲ့ရတာ မဟုတ်ပါဘူး။ နိုင်ငံတော်အစိုးရအဆက်ဆက် ကျင့်သုံးခဲ့တဲ့ နိုင်ငံရေးမူဝါဒတွေကြောင့် ဖြစ်ပါတယ်။

ရွှေ့ပြောင်းအလုပ်သမားအရေးကိစ္စ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနှစ်ရွှေ့ပြောင်းအလုပ်သမားများ အရေးကိစ္စဟာ တစ်ကမ္ဘာလုံးမှာ ဖြစ်ပွားနေတဲ့အရေးကိစ္စတစ်ခုဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ နည်းပါးတဲ့နိုင်ငံတွေက အလုပ်သမားတွေဟာ အလုပ်အကိုင်အခွင့်အလမ်းပိုများပြီး ဝင်ငွေပိုကောင်းတဲ့နိုင်ငံတွေကို သွားရောက်လုပ်ကိုင်ကြပါတယ်။ မြန်မာနိုင်ငံမှာလည်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါးတာကတစ်ကြောင်း၊ ငွေကြေးဖောင်းပွပြီး ကုန်ဈေးနှုန်းတွေမြင့်မားနေတဲ့အတွက် ရရှိတဲ့လုပ်ခလစာနဲ့ မလောက်မငှ ဖြစ်ကြတာကတစ်ကြောင်းတို့ကြောင့် မိမိနိုင်ငံမှထွက်ခွာပြီး နိုင်ငံခြားတိုင်းပြည်တွေမှာ သွားရောက်လုပ်ကိုင်ကြရပါတယ်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံနဲ့မလေးရှား နိုင်ငံတွေမှာ မြန်မာနိုင်ငံရွှေ့ပြောင်းအလုပ်သမားတွေ သိန်းသန်းချီပြီး သွားရောက်လုပ်ကိုင်ကြပါတယ်။ တရားဝင် သွားရောက်လုပ်ကိုင်နေကြသလို တရားမဝင် သွားရောက်လုပ်ကိုင်နေကြတာလည်း ရှိပါတယ်။ အလုပ်အကိုင်ရရှိရေးပွဲစားတွေကတစ်ဆင့် ဆက်သွယ်လုပ်ဆောင်ရာမှာ အလိမ်ခံရတာတို့၊ မတော်မတရား အလုပ်ခံရတာတို့၊ ရောင်းစားခံတာတို့စတဲ့ သတင်းတွေကိုလည်းနေ့စဉ်လိုလို ကြားနေရပါတယ်။ ဒီရွှေ့ပြောင်းအလုပ်သမားတွေဟာ အားလုံးရခိုင်ပြည်နယ်က မဟုတ်ကြပါဘူး။ မြန်မာနိုင်ငံ တနံတလျားမှာ ရှိတဲ့တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်အားလုံးတို့က ဖြစ်ပါတယ်။ ဒီရွှေ့ပြောင်းအလုပ်သမားအရေးကိစ္စဟာ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့ အရေးကိစ္စကြီး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်တစ်ခုတည်းကို ကွက်ပြီး ဖြေရှင်းပေးလို့မရနိုင်ပါဘူး။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့မူဝါဒချမှတ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ရမယ့်ကိစ္စပဲ ဖြစ်ပါတယ် ခင်ဗျား။

လွတ်လပ်စွာသွားလာနေထိုင်ခွင့်၊ လုပ်ကိုင်ခွင့်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်တဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ အစိုးရက ထုတ်ပြန်ထားတဲ့စာရင်းအရ တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅)မျိုး နေထိုင်လျက်ရှိတယ်လို့ ဆိုပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃ မှာ

နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသောနိုင်ငံ ဖြစ်သည်လို့ ဖော်ပြထားပြီး ပုဒ်မ ၃၅၅ တွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ပိုင်ခွင့်ရှိသည် လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံသားတစ်ဦးဟာမြန်မာနိုင်ငံတစ်နံတစ်လျားမှာ ဘယ်နေရာ ဘယ်ဒေသမှာမဆို အခြေချနေထိုင်ခွင့်၊ ပရိယေသနရှာမှီးခွင့် ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီး ဦးလှဆွေ တင်သွင်းသွားတဲ့အဆိုမှာ ရခိုင်တွေဟာ ရန်ကုန်မှာ ပျော်လို့ ဝန်ကြီးတစ်ပါးတောင် ခွဲတမ်းပါနေတဲ့သဘော တွေ့နိုင်ပါတယ်လို့ ဖော်ပြထားတာတွေ့ ရပါတယ်။ ဒီတင်ပြချက်ဟာ ကိုယ်စားလှယ်တော်ကြီးအနေနဲ့ သတိမထားမိဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာနဲ့ တင်ပြလိုက်တာပဲလို့ ကျွန်တော်ယူဆမိပါတယ်။ ရခိုင်တွေဟာ ရန်ကုန်မှာပျော်လို့ ဝန်ကြီးတစ်ပါးခွဲတမ်းရတာမဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁(ခ)အရ ရန်ကုန်တိုင်းဒေသကြီးမှာနေထိုင်ကြတဲ့ ရခိုင်တိုင်းရင်းသားလူဦးရေတွေဟာ နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်းရဲ့ (၀.၁) ရာခိုင်နှုန်းနဲ့အထက် ရရှိလို့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးတစ်ပါး ခွဲတမ်းရရှိတာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တိုင်းမှာလည်းပဲ ဒီလိုတိုင်းရင်းသား ရေးရာဝန်ကြီးတွေ ရှိကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ တကယ်လို့သာ ရခိုင်ပြည်နယ်အတွင်းမှာ အလုပ်အကိုင်အခွင့်အလမ်း ပေါ်လာမယ်ဆိုရင် ပြည်ပရောက်နေတဲ့ ရခိုင်တွေ၊ မှော်တွေမှာ ကျောက်ခိုးတူးနေတဲ့သူတွေ၊ ရန်ကုန်မှာ ကြုံရာကျပန်းလိုလို လုပ်ကိုင်စားသောက်နေသူ အားလုံးဟာ ရခိုင်ပြည်ကို ပြန်လည်အခြေချလာကြမယ်လို့ ဖြစ်ပါတယ်လို့ အဆိုပြုတင်ပြထားတာကို တွေ့ရပါတယ်။ ဒီတင်ပြချက်ထဲမှာ မှော်တွေမှာ ကျောက်ခိုးတူးနေသူတွေ၊ ရန်ကုန်မှာ ကြုံရာကျပန်းလိုလို လုပ်ကိုင်စားသောက်သူတွေအားလုံး ဆိုတဲ့စကားလုံး အသုံးအနှုန်းအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခန်း(၁) နိုင်ငံတော်၏ အခြေခံမူများပုဒ်မ ၆၊ ပုဒ်မခွဲ(c)တွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုတဲ့ နိုင်ငံတော်ရဲ့ ဦးတည်ချက်နဲ့လည်း ကွဲလွဲနေတာကိုလည်း တွေ့ရပါတယ်။

နိုင်ငံခြားသားများ ဝင်ရောက်လာခြင်းကိစ္စ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးလှဆွေ တင်သွင်းတဲ့အဆိုမှာ အခြားပြည်နယ် နှင့်တိုင်းကရွှေ့ပြောင်းလုပ်သားတွေ ဘယ်လိုပဲသွားသွား အရေးမကြီးသော်လည်း ရခိုင်ပြည်နယ်က တိုင်းရင်းသားများ နေရပ် စွန့်ခွာပြီးအခြားဒေသများ အလုပ်ထွက်လုပ်ကြရာမှာတော့ ပြဿနာတစ်ရပ်ဖြစ်ပေါ်လာပါတယ်။ အဲဒီလို စွန့်ခွာသွားတဲ့ လူတွေရဲ့နေရာမှာ နိုင်ငံခြားသားများ Alien က ဝင်ရောက်လာခြင်း ဖြစ်ပါတယ်လို့ ပြောခြင်း ဖြစ်ပါတယ်။ ဒါဟာ အမျိုးသားရေးဆုံးရှုံးမှုလို့ ကျွန်တော် ထင်မြင်ပါတယ်လို့ တင်ပြထားတာ တွေ့ရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်လူမျိုးတွေ စွန့်ခွာထွက်သွားတဲ့နေရာတွေမှာ နိုင်ငံခြားသား Alien တွေ၊ အစားထိုးဝင်ရောက်လာတဲ့ကိစ္စဟာ ရခိုင်လူမျိုးတွေအတွက် ရခိုင်လူမျိုးတွေက လုပ်နိုင်စွမ်းရှိတဲ့ကိစ္စ မဟုတ်ပါဘူး။ မြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာတည်တံ့တဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဒီလိုလူဝင်လူထွက် ပြဿနာတွေကို နိုင်ငံတော်အာဏာစက် ဥပဒေပြဋ္ဌာန်းပြီး လုပ်ဆောင်ရတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့လူဦးရေထူထပ်တဲ့ နိုင်ငံတွေရဲ့ကြားမှာ တည်ရှိတဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဒါနဲ့ကြောင့် နယ်စပ်ဒေသတွေမှာ လူဝင်/လူထွက်

ပြဿနာတွေ ရှိစမြဲပါ။ ရခိုင်ပြည်နယ်ထဲကို ဘင်္ဂလားဒေ့ရှ်က ဘင်္ဂါလီတွေ၊ အိန္ဒိယနိုင်ငံသားတွေ ဝင်လာနိုင်သကဲ့သို့ တရုတ်နိုင်ငံက တရုတ်လူမျိုးတွေဟာလည်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့က တစ်ဆင့် မြန်မာနိုင်ငံထဲကို ဝင်ရောက်လာနိုင်ပါတယ်။ ဒီလိုဝင်ရောက်လာတဲ့အခါ လူဝင်မှုကြီးကြပ်ရေး ဥပဒေနဲ့အရေးယူခြင်း၊ အခြေချနေထိုင်သူများကို တည်ဆဲနိုင်ငံသားဥပဒေအရ စိစစ်အရေးယူခြင်း တို့ကိုသာ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၈၂ ခုနှစ်မြန်မာနိုင်ငံသား ဥပဒေဆိုတာ ရှိပါတယ်။ ဒီဥပဒေအတိုင်း တိတိကျကျ အကောင်အထည်ဖော် လုပ်ဆောင်သွားမယ်ဆိုရင် ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ နိုင်ငံခြားသား Alien တွေဝင်ရောက်လာနိုင်မယ့် ပြဿနာက ပေါ်ပေါက်လာမှာ မဟုတ်ပါဘူး။

အဆိုကိုရုပ်သိမ်းပေးပါရန် တောင်းဆိုချက်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုတင်သွင်းသူ ကိုယ်စားလှယ်တော်ကြီးအနေနဲ့ ဒီအဆိုကို ရခိုင် တိုင်းရင်းသား တွေ အပေါ်ကို စိတ်ရင်းစေတနာကောင်းနဲ့ တင်ပြခဲ့တာမှန်ပေမယ့် တချို့သော တင်ပြချက်တွေဟာ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲဆန့်ကျင်နေခြင်း၊ (၂) တည်ဆဲဥပဒေများကို လျစ်လျူရှုထားခြင်း၊ (၃) နိုင်ငံတော်အစိုးရအနေနဲ့လည်း စီမံကိန်းချလုပ်ဆောင်လျက်ရှိနေခြင်းတို့ကြောင့် ဒီအဆိုကို ပြန်လည်ရုပ်သိမ်းပေးပါရန် ဝမ်းနည်းစွာတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်သက်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၇။**

**ဗိုလ်မှူးကျော်သက်ဦး (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါဟု ဦးစွာပထမ နှုတ်ခွန်းဆက်သအပ် ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ်ကြည်း-၃၄၅၀၀ ဗိုလ်မှူးကျော်သက်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ တင်သွင်းသည့် ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို အား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုကို ထောက်ခံ ဆွေးနွေးရာတွင် ကိန်းဂဏန်း အချက်အလက်အချို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် ရိုသေစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ဦးစွာပထမကျွန်တော်ဟာ မွေးဖွားသည့်အချိန်မှ အခြေခံပညာ အထက်တန်းအောင်မြင်သည့်အချိန်အထိ (၁၇) နှစ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဦးစီးအရာရှိ အဖြစ် (၅) နှစ် စုစုပေါင်း (၂၂)နှစ်ခန့် ရခိုင်ပြည်နယ်တွင် နေထိုင်ကြီးပြင်းတာဝန်ထမ်းဆောင်ခဲ့ ပါတယ်။ ရခိုင်ပြည်နယ်တွင်နေထိုင်တာဝန်ထမ်းဆောင်တဲ့ကာလတွေမှာ ပြည်နယ်မှာရှိတဲ့မြို့တွေကို

ရောက်ဖူးပါတယ်။ တချို့မြို့တွေဟာ ကားနဲ့သွားလို့ရသလို တချို့မြို့တွေဟာ စက်လှေသင်္ဘောတွေနဲ့ပဲ သွားလို့ရတဲ့မြို့တွေဖြစ်ပါတယ်။ ဥပမာ ပေါက်တော၊ ရမ်းဗြဲ၊ မာန်အောင်၊ ဘူးသီးတောင်၊ မောင်တော မြို့တွေကို ဆိုလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်းတွင်တည်ရှိပြီး ပြည်မဒေသများသို့ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းတွေနဲ့ ဆက်သွယ်သွားလာလို့ရပါတယ်။ ဒါပေမယ့်လည်း ကုန်စည်စီးဆင်းရာမှာ မြန်ဆန်ထိရောက်တဲ့ ကုန်းလမ်းပို့ဆောင်ရေးဆောင်ရွက်ရာမှာ အသုံးဝင်တဲ့ကားလမ်းတွေဟာ ရခိုင် ရိုးမကို ဖြတ်သန်းဖောက်လုပ်ထားခြင်း၊ အချို့ဒေသတွေများမှာ တောင်ပေါ်ဒေသဖြစ်ခြင်း၊ မိုးများခြင်းတို့ကြောင့် ကောင်းမွန်ခြင်း မရှိပါဘူး။ အစိုးရအနေနဲ့ နှစ်စဉ်ပြုပြင်ဆောင်ရွက်ပေမယ့်လည်း ဆိုးဝါးလှတဲ့ ရာသီဥတုကြောင့် လမ်းတွေဟာ ကောင်းမွန်ခြင်းမရှိခဲ့ပါဘူး။ ဒေသတစ်ခု၊ မြို့တစ်မြို့ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အချက်(၄)ချက်နဲ့ အကျုံးဝင်လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။

ပထမတစ်ချက်ကတော့ လမ်းပန်းဆက်သွယ်ရေးပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာနေတဲ့ ပြည်သူများက ရန်ကုန်၊ မန္တလေး စသည်ဖြင့် ပြည်မဒေသများသို့ ဆက်သွယ်သွားလာရာတွင် ရေကြောင်း၊ လေကြောင်းကိုပဲ ယခင်တုန်းက အားကိုးခဲ့ရပါတယ်။ လေကြောင်းခရီးဆိုတာကလည်း လူတန်းစားအားလုံးအတွက် အဆင်မပြေနိုင်ပါဘူး။ ရေကြောင်းခရီးဟာလည်း မိမိတို့သွားလိုသည့်နေရာကိုရောက်ဖို့ အချိန်ပေါင်းများစွာ ကုန်လွန်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့အတွက် ကုန်စည်စီးဆင်းရာမှာ အခက်အခဲတွေ ရှိခဲ့သလို ကုန်ဈေးနှုန်းတွေဟာလည်း အခြားဒေသက အမျိုးတွေထက် ပိုမိုကြီးမြင့်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ရခိုင်ပြည်နယ်ရဲ့ကုန်းလမ်းဆက်သွယ်ရေးမှာ အဓိကဖြစ်တဲ့ ရန်ကုန်-စစ်တွေ ကားလမ်းကို ၁၉၉၃ ခုနှစ်တွင် အကောင်အထည်ဖော် ဖောက်လုပ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် ရခိုင်ပြည်နယ်မှ အခြားဒေသများသို့ မော်တော်ယာဥ်ဖြင့် လွယ်လင့်တကူသွားလာလို့ ရပါတယ်။ ယခင်တုန်းကဆိုရင် ရခိုင်ပြည်နယ်မှ အခြားဒေသများသို့မဆိုထား ကိုယ့်ပြည်အတွင်းမှာပင် ကုန်းလမ်းခရီးအဖြစ် သွားလို့မရဘဲနဲ့ ရေလမ်းခရီးကိုသာ အားကိုးခဲ့ရပါတယ်။ ကျောက်တော်-မြောက်ဦး စသည်မြို့တွေကို ဘုရားဖူးသွားရာမှာလည်း သင်္ဘော၊ မော်တော်ဘုတ်တို့ကို အားကိုးခဲ့ရပါတယ်။

ယနေ့မှာတော့ မော်တော်ယာဥ်ဖြင့် နေ့ချင်းပြန်သွားလာလို့ရတဲ့ လမ်းအခြေအနေမျိုး ရှိနေပါတယ်။ ဒါပေမယ့်လည်း ရာသီဥတုဆိုးရွားတဲ့အချိန် မိုးရာသီမှာတော့ ဒုက္ခရောက်ပါတယ်။ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ အမ်းမြို့ဟာဆိုရင် ပတန်းနဲ့ (၆၆)မိုင်သာ ဝေးကွာပါတယ်။ ဒီလမ်းခရီးကို မိုးရာသီမှာ ခရီးသွားရင် တစ်ခါတစ်လေ (၂) ရက် (၃) ရက်ကြာပါတယ်။ ကြာရတဲ့အကြောင်းရင်းကလည်း လမ်းခရီးမှာတောင်ပြိုကျပြီး လမ်းတွေပိတ်နေတဲ့အတွက် ခရီးသွားကြတဲ့ပြည်သူတွေ အခက်အခဲတွေ ဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ ၂၀၁၁ ခုနှစ်မှစပြီး ရန်ကုန်-စစ်တွေ ကားလမ်းအား ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်မှာ ရာသီမရွေးသွားလာလို့ရတဲ့ လမ်းမကြီးဖြစ်နေတဲ့အတွက် ခရီးသွားလာမှု အဆင်ပြေချောမွေ့မှုတွေ ရှိပါတယ်။ ဒါကို သာဓကအနေဖြင့်ပြောရရင် ၂၀၁၄ ခုနှစ်၊ မေလ ၇ ရက်နေ့မှာ ကျွန်တော်ဟာ သာမန်ခွင့် (၁၅) ရက် ခံစားခွင့်ရရှိတဲ့အတွက် မိဘများရှိတဲ့

စစ်တွေမြို့ကို မော်တော်ယာဥ်ဖြင့် ခရီးသွားခဲ့ပါတယ်။ အဲဒီမှာ ကားလမ်းတွေဟာ ယခင်လမ်းများနဲ့ မတူဘဲ ရာသီမရွေးသွားလာနိုင်တဲ့ အနေအထားမျိုးကို ဖြစ်နေပါပြီ၊ ပြည်သူများအနေဖြင့်လည်း Aircon Bus တွေဖြင့် အခြားပြည်နယ်၊ တိုင်းဒေသကြီးများသို့ လွယ်လင့်တကူ ခရီးသွားလာလို့ ရနေပါတယ်။ အလားတူ အမ်း-မအီ-တောင်ကုတ်-ပြည်လမ်းဟာလည်း မော်တော်ယာဥ်ဖြင့် လွယ်ကူစွာ သွားလာလို့ရကြောင်း ကြားသိခဲ့ရပါတယ်။

ဒါကြောင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ရခိုင်ပြည်နယ်ဟာလည်း မကြာမီကာလအတွင်း အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးများနည်းတူ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

ဒုတိယတစ်ချက်ကတော့ ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးကုန်သွယ်မှု လုပ်ငန်းများမှာ အဓိကကျတဲ့ လျှပ်စစ်မီးရရှိရေးပဲ ဖြစ်ပါတယ်။ လျှပ်စစ်မီးရရှိရေးဟာ ယနေ့မျက်မှောက်ကာလမှာ မရှိမဖြစ်အသုံးဝင်တဲ့ လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ လျှပ်စစ်မီးမရရှိတဲ့အတွက် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲတွေ အများကြီးရှိပါတယ်။ တတ်နိုင်သူများက ကိုယ်ပိုင်မီးစက်ကြီးတွေ၊ တချို့က မီးစက်ငယ်များကို မီးရရှိရေးအတွက် အသုံးပြုကြပါတယ်။ ဒါကြောင့် ကုန်ကျစရိတ်တွေကြီးမြင့်ရပါတယ်။ ဥပမာ - ရန်ကုန်မှာ မိတ္တူတစ်ရွက်ကူးရင် (၂၀)ကျပ်ပဲ ကျပေမယ့် စစ်တွေမှာ မိတ္တူတစ်ရွက်ကူးရင် (၅၀)ကျပ် ကျပါတယ်။ ဒါကြောင့် တစ်ဝက်ကျော်ကျော်လောက် ဈေးနှုန်းကွာတာတွေ့ရပါတယ်။ ရန်ကုန်မှာ အင်တာနက်ဆိုင်တွေမှာ (၁)နာရီသုံးရင် (၃၀၀)ကျပ်ပဲ ကျပါတယ်။ စစ်တွေမှာ (၁)နာရီ (၅၀၀)ကျပ် ဖြစ်ပါတယ်။ ဒါကြောင့် တစ်ဝက်နီးပါး ဈေးနှုန်းကွာတာကိုလည်း တွေ့ရပါတယ်။ နောက်တစ်ခုက ပညာသင်ကြားနေတဲ့ ကျောင်းသား/ကျောင်းသူများရဲ့ စာသင်ကြားရေးမှာလည်း လျှပ်စစ်မီးရရှိရေးဟာ မျက်မှောက်ခေတ်ကာလမှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်တာ ကိုအားလုံးသိပြီး ဖြစ်ပါတယ်။ ဥပမာ - လျှပ်စစ်မီးနဲ့ စာကျက်မှတ်တာထက် ဖယောင်းတိုင်၊ ဆီမီးခွက်တွေနဲ့ ကျက်ရတာနဲ့ မတူနိုင်ပါဘူး။ ကျွန်တော်ကလည်း အခြေခံပညာ အထက်တန်းအောင်မြင်သည့်အချိန်အထိ ဖယောင်းတိုင်၊ ရေနံဆီမီးခွက်နဲ့ပဲ ကျောင်းစာများကို ကျက်မှတ်လေ့လာသင်ကြားခဲ့ပါတယ်။

လက်ရှိအချိန်မှာတော့ နိုင်ငံတော်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်မီးရရှိရေးအတွက် အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေလျက်ရှိရာ ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူ၊ တောင်ကုတ်၊ သံတွဲမြို့တွေဟာ ၂၀၁၄ ခုနှစ်၊ မေလမှ စတင်ပြီး လျှပ်စစ်မီးရရှိနေပြီ ဖြစ်ပါတယ်။ အလားတူ ဂွ၊ မအီ၊ အမ်းမြို့တွေဟာလည်း ၂၀၁၄ ခုနှစ်၊ ဩဂုတ်လကုန်မှာ လျှပ်စစ်မီးရရှိမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်တစ်ခုလုံး ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအကုန်တွင် လျှပ်စစ်မီးရရှိမှာဖြစ်ကြောင်း ကြားသိရပါတယ်။ လျှပ်စစ်မီးရရှိတာနဲ့အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဟာလည်း အလျှင်အမြန်တိုးတက်မှုရှိလာတော့မှာ ဖြစ်ပါတယ်။

တတိယအချက်ကတော့ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှင့် ပညာရည်မြင့်မားရေးပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ ယခင်တုန်းက လမ်းပန်းဆက်သွယ်ရေး ဝေးကွာခြင်း၊ မိုးရာသီတွင် လေပြင်းဒဏ်များကလွဲရင် ကျန်တဲ့ ရာသီတွေမှာ အပူအအေးမျှတပြီး နေထိုင်ကောင်းမွန်တဲ့ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ သဘာဝ သယံဇာတနှင့် ရေထွက်ပစ္စည်းများ ပေါကြွယ်ဝတာကို အားလုံးသိပြီး

ဖြစ်ပါတယ်။ ဒါပေမဲ့ စိတ်မကောင်းစရာ တစ်ချက်ကတော့ ရခိုင်ပြည်နယ်မှ လူငယ်လူရွယ်များဟာ အကြောင်းအမျိုးမျိုးကြောင့် ဒေသကို စွန့်ခွာပြီး၊ အခြားဒေသများသို့ ဘဝရပ်တည်ရေးအတွက် သွားရောက် အလုပ်လုပ်ကြရပါတယ်။ ပြည်တွင်းအပြင် ပြည်ပနိုင်ငံများသို့လည်း နည်းလမ်းပေါင်းစုံဖြင့် သွားရောက်လုပ်ကိုင်နေတာကို တွေ့ရပါတယ်။ ပြည်နယ်အတွင်းမှာ အလုပ်အကိုင်တွေ အဆင်ပြေရင် ဘဝရပ်တည်ရေးအတွက် ရွေးချယ်စရာ လုပ်ငန်းတွေရှိရင် ဒေသကိုစွန့်ခွာပြီး အလုပ်လုပ်ကြမှာ မဟုတ်ပါဘူး။ ရန်ကုန်၊ မန္တလေး အစရှိတဲ့မြို့တွေက ပြည်သူတွေဟာ အရွယ်ရောက်လို့ ဘဝရပ်တည်ရေးအတွက် ရွေးချယ်စရာလုပ်ငန်းတွေ များပါတယ်။ စက်ရုံ၊ အလုပ်ရုံ ကုန်ထုတ်လုပ်ငန်းတွေ ပေါ်များလှပါတယ်။ ရခိုင်ပြည်နယ်မှာတော့ မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းကလွဲရင် အခြားလုပ်ငန်း များများစားစား မရှိပါဘူး။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ အဆိုတင်သွင်းသွားသလိုပဲ ရခိုင်ပြည်နယ်အတွင်းမှာ စက်မှုဇုန်တွေ၊ ဟိုတယ်ဇုန်တွေ၊ စက်ရုံတွေ၊ စီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ဖို့လိုပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ စေတီပုထိုးများနှင့် ငပလီကမ်းခြေတို့ဟာ ကမ္ဘာကျော်တဲ့အတွက် နိုင်ငံခြားက ဧည့်သည်များကို ဖိတ်ခေါ်လျက်ရှိပါတယ်။ ယခင်တုန်းကတော့ လမ်းပန်းဆက်သွယ်ရေးဝေးကွာခြင်းကြောင့် ပြည်တွင်းထက် ပြည်ပနိုင်ငံများက လာရောက်လည်ပတ်သူတွေ ပိုများပါတယ်။ လေကြောင်းခရီးဖြင့် အများဆုံးလာရောက်လည်ပတ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဧည့်သည်များအတွက် ဟိုတယ်ဇုန်တွေ တိုးချဲ့ဆောက်လုပ်ရင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိမှာ ဖြစ်ပါတယ်။ ဟိုတယ်ဇုန်တွေ ဖော်ထုတ်နိုင်တဲ့ သဘာဝမှ ဖန်တီးတဲ့ အခြေအနေ ရခိုင်ကမ်းခြေဒေသတွေမှာ ရှိပြီးဖြစ်ပါတယ်။ လက်ရှိမှာတော့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။ စက်မှုဇုန်တွေကို စနစ်တကျ တည်ထောင်ပေးမယ်ဆိုရင် ရေထွက်ပစ္စည်းလုပ်ငန်းများကို Export Quality ဖြင့် စက်ရုံတွေကို ဒေသခံတိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များမှ လုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် ဒေသခံပြည်သူများ အလုပ်အကိုင်တွေ ရရှိလာမှာ ဖြစ်ပါတယ်။

ပညာရည်မြင့်မားရေး အနေဖြင့် ယခင်တုန်းက ကောလိပ်အဆင့်သာ ရှိခဲ့ရာမှ၊ ယခုအခါ စစ်တွေတက္ကသိုလ်၊ နည်းပညာကောလိပ်တို့ကို ပြည်နယ်အတွင်းမှာ ဖွင့်လှစ်ထားရှိပြီး အသိပညာ၊ အတတ်ပညာများကို သင်ကြားပို့ချလျက်ရှိတာကို တွေ့ရပါတယ်။ အသိပညာ၊ အတတ်ပညာပြည့်စုံပြီး ဘဝရပ်တည်လို့ရတဲ့ လုပ်ငန်းများရှိရင် အခြားဒေသတိုင်းပြည်များသို့ ထွက်ခွာလုပ်ကိုင်တဲ့ တိုင်းရင်းသားဦးရေဟာလည်း လျော့နည်းလာမှာ ဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။

နောက်ဆုံးအချက်ကတော့ ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုပဲ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ဘယ်လောက်ပင် ဖွံ့ဖြိုးတိုးတက်ပါစေ၊ အလုပ်အကိုင် အခွင့်အလမ်းပေါ်များသည်ဖြစ်ပါစေ၊ ဒေသတည်ငြိမ်အေးချမ်းမှုမရှိရင် ဒေသခံပြည်သူများနဲ့ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းများ၊ စီးပွားရေးဆောင်ရွက်ကြတဲ့ တိုင်းရင်းသားများဟာ စိတ်အေးချမ်းသာမှု မရှိဘဲ စိတ်တထင့်ထင့်၊ ရင်တမမနဲ့ ဖြစ်နေရမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ၂၀၁၂ ခုနှစ်အတွင်း

ဖြစ်ခဲ့တဲ့ ပဋိပက္ခများကြောင့် ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားတွေ ဆုံးရှုံးခဲ့ရပါတယ်။ လုပ်အားနှုန်းတွေ ကျဆင်းခဲ့ပါတယ်။ နိုင်ငံတော်အနေဖြင့်လည်း များစွာ ထိခိုက်ဆုံးရှုံးခဲ့ကြရတာကို အားလုံးသိပြီး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ တောင်၊ မြောက်ရှည်လျားတဲ့ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်တောင်ပိုင်းဒေသတွေထက် မြောက်ပိုင်းဒေသမှာရှိတဲ့ မြို့တွေမှာ ဘင်္ဂါလီလူမျိုးတွေ နေထိုင်တဲ့ ဦးရေပိုများပါတယ်။ ဘူးသီးတောင်မြို့နယ်မှာဆိုရင် ရခိုင်တိုင်းရင်းသား (၃)ရာခိုင်နှုန်း၊ မောင်းတော မြို့နယ်မှာဆိုရင် (၂)ရာခိုင်နှုန်းသာ နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ရခိုင်ပြည်နယ်မှာ တောင်ကုတ်၊ မာန်အောင်၊ အမ်း (၃)မြို့သာ ဘင်္ဂါလီလူမျိုးများ နေထိုင်မှု မရှိသည်ကို တွေ့ရပါတယ်။ လက်ရှိအချိန်မှာတော့ ရခိုင်ပြည်နယ်ရှိ ပြည်သူများဘဝလုံခြုံရေးအတွက် တပ်မတော်သားများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တပ်ဖွဲ့ဝင်များ တာဝန်ယူဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘဝလုံခြုံမှုရှိပြီး၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိလာရင် မိမိဒေသမှာ ပျော်ရွှင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်နေတာကို တွေ့မြင်ရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် (၁၅)ဘီလီယံ သုံးစွဲဆောင်ရွက်သွားမယ်လို့ သိရှိရပါတယ်။ ကျွန်တော် ဟာလည်း တိုင်းရင်းသားထဲမှ ပေါက်ဖွားလာတဲ့ တပ်မတော်သားတစ်ဦး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ဖွံ့ဖြိုး တိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရမှဆောင်ရွက်ပေးနေသလို၊ တပ်မတော် အနေဖြင့်လည်း ၂၀၁၂ ခုနှစ်မှ စတင်ပြီး ပြည်နယ်အတွင်း ခရီးဝေးကွာသော ကျေးရွာများမှ နာမကျန်း လူနာများကို နယ်လှည့်ဆေးကုသရေးအဖွဲ့ဖြင့် သွားရောက်ကုသ ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါ တယ်။ ပြည်သူများအနေဖြင့် ဝမ်းသာအားရဖြစ်နေကြောင်း ဆွေမျိုးများမှတစ်ဆင့် ကြားသိ ရပါတယ် ခင်ဗျား။

တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များ၏ ဆေးကုသမှုစာရင်းများအား Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် ရိုသေစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ၂၀၁၂ ခုနှစ်အတွင်းမှာ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ကျေးရွာပေါင်း (၁၂၈)ရွာ၊ လူဦးရေပေါင်း (၃၄၃၀၉)ဦးကို ဆေးကုသမှု ပေးနိုင်ခဲ့ပါတယ်။ ဆေးရုံသို့ လွှဲပြောင်းတဲ့ ဦးရေက (၅၅၅)ဦး ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်အတွင်းမှာ ကျေးရွာပေါင်း(၁၇၄)ကျေးရွာ၊ လူဦးရေပေါင်း (၆၂၂၀၃)ဦးကို ဆေးကုသမှုဆောင်ရွက် နိုင်ခဲ့ပါတယ်။ ဆေးရုံသို့ လွှဲပြောင်းတဲ့ ဦးရေက (၆၅၆)ဦး ရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇွန်လအထိတော့ ကျွန်တော်တို့ ကျေးရွာပေါင်း (၄၀)ကျေးရွာ၊ လူဦးရေပေါင်း (၅၀၅၂)ဦးကို ဆေးကုသမှု ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ ရှိရမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်အနေနဲ့ ရခိုင်ပြည်နယ်နဲ့ ပတ်သက်ပြီး ၂၀၁၄ ခုနှစ်တွင် လေ့လာ ထားတဲ့ အချက်အလက်တွေကို Power Point ဖြင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေး ဝန်ထမ်းအင်အားစာရင်း ဖြစ်ပါတယ်။ ဆေးရုံ၊ ဆေးပေးခန်းစာရင်း ဖြစ်ပါတယ်။ အသားစားတိရစ္ဆာန် မွေးမြူထားရှိမှုစာရင်း ဖြစ်ပါတယ်။ အအေးခန်းနဲ့ ဆန်စက်များစာရင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မြန်လွန်းအားကြီးတယ်။ ခဏ စောင့် စောင့်ပြီးတော့ လုပ်။ အစကပြန်ပြော၊ မြန်လွန်းအားကြီးတယ်။

**ဗိုလ်မှူးကျော်သက်ဦး (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)**။ ။ ကျန်းမာရေး ဝန်ထမ်းများစာရင်းဖြစ်ပါတယ်။ ပြည်နယ်အတွင်းမှာရှိတဲ့ ဆေးရုံ၊ ဆေးပေးခန်းများ စာရင်းဖြစ်ပါတယ်။ အသားစားတိရစ္ဆာန်မွေးမြူထားရှိမှု စာရင်း ဖြစ်ပါတယ်။ အအေးခန်းနဲ့ ဆန်စက်များစာရင်း ဖြစ်ပါတယ်။ ပုစွန်မွေးမြူထားရှိမှုစာရင်း ဖြစ်ပါတယ်။ ရေကြောင်းပို့ဆောင်ရေးမှာ အသုံးပြုနိုင်တဲ့ ရေယာဉ်များစာရင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရှိ သန်းခေါင်စာရင်းကောက်ယူပြီးစီးတဲ့ အခြေအနေအထိ လူဦးရေ စာရင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ ရေဒီယိုဆက်သွယ်ရေးစခန်းများစာရင်း ဖြစ်ပါတယ်။

စာရင်းဇယား အချက်အလက်များကို ကြည့်ရင် ရခိုင်ပြည်နယ်ဟာ အခြားတိုင်းဒေသကြီး ပြည်နယ်များနဲ့ နှိုင်းယှဉ်လျှင် နည်းပါးမှုမရှိကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရမှာဖြစ်ပါ တယ်။

နိဂုံးချုပ်အနေဖြင့် ရခိုင်ပြည်နယ်မှာ မြို့နယ်(၁၇)မြို့နယ်ရှိကာ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်လျက်ရှိပြီး သဘာဝသယံဇာတ ရေထွက်ပစ္စည်းများ ပေါကြွယ်ဝကာ မြန်မာနိုင်ငံ၏ အနောက် ဘက်အခြမ်းတွင် လုံခြုံရေးအရ အရေးပါသော ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ၏ အဆိုတင်သွင်းသွား သလိုပဲ ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေးတာဝန်တစ်ရပ် အနေ ဖြင့် အခြေအနေ အရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ ပတ်သက်ပြီး ကျွန်တော်တင်ပြသည့် ပထမနှင့် ဒုတိယအချက်ဖြစ်သည့် ရခိုင်ပြည်နယ်၌ လမ်းပန်းဆက်သွယ်ရေးမှာ ယခင်နှစ်များနဲ့မတူ ကောင်းမွန်နေပြီ ဖြစ်ပါတယ်။ များမကြာမီကာလတွင် ပြည်နယ်တစ်ခုလုံး လျှပ်စစ်မီးရရှိတော့မှာ ဖြစ်ပါတယ်။ ကျန်တဲ့ အလုပ်အကိုင်အခွင့်အရေး ရရှိရန်နှင့် ပညာရည်မြင့်မားရန်၊ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးကို စီမံကိန်းချမှတ် ဆောင်ရွက်ပေးပါရန် ပြောကြားရင်း အဆိုကို ထောက်ခံကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၂:၀၀)နာရီအချိန်တွင် ရပ်နားပြီး (၁၃:၀၀)နာရီအချိန်တွင် ပြန်လည် ကျင်းပ ပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၃း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်းခွင့်ပန်ကြားသူ (၁၁)ဦး ရှိပါတယ်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကော်မတီအစည်းအဝေး၊ ဦးအောင်ညွန့်၊ မကွေး(၂)၊ ကော်မတီအစည်းအဝေး၊ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမြတ်ကို၊ စစ်ကိုင်း (၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမှတ်ကြီး၊ မန္တလေး (၉)၊ ကော်မတီအစည်းအဝေး၊ ဒေါက်တာမြတ်ဉာဏစိုး ရန်ကုန်(၄)၊ ကော်မတီအစည်းအဝေး၊ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ကိုယ်ရေးကိုယ်တာ၊ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း (၁၁)၊ ကော်မတီအစည်းအဝေး၊ ဗိုလ်မှူးတင်အောင်မိုး၊ တပ်မတော်၊ ကော်မတီ အစည်းအဝေး၊ ဦးမိုးမြင့်၊ တနင်္သာရီ (၇)၊ ကော်မတီ အစည်းအဝေး၊ ဦးညွန့်လှိုင်၊ ဧရာဝတီ (၄)၊ ကော်မတီအစည်းအဝေး တို့ဖြစ်ပါတယ်။ ယခုတင်ပြခဲ့တဲ့ နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် နေ့လယ်ပိုင်းခွင့်ပန်ကြားချက်များအပေါ် လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၀၂။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၂။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ မကွေးတိုင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၁၂) ဦးလှဆွေရဲ့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ချင်းပြည်နယ် အမှတ် (၉) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်က ဝေဖန်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်နှင့် ရခိုင်ပြည်နယ်က လုပ်ဖော်ကိုင်ဖက်များဖြစ်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို လူမှုရေးအရ အားနာပါသော်လည်း ဤအဆိုသည် ပြည်ထောင်စုအတွင်းရှိ ပြည်နယ်ဒေသအားလုံးနှင့်ဆက်နွယ် သည်ဟုယူဆပါသောကြောင့် ဝေဖန်ဆွေးနွေးသွားရမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်သည် ၂၀၁၀ ခုနှစ် လတ်တလော လူမှုရေး ပြဿနာကြောင့် ပဋိပက္ခဖြစ်သော ဒေသဖြစ်တဲ့အတွက် ပြည်တွင်းပြည်ပနိုင်ငံများက စာနာထောက်ထားသည့်အပြင် ကုလသမဂ္ဂအစီအစဉ် ဖြင့်လည်း ကူညီထောက်ပံ့လျက် ရှိကြောင်း သိရှိရပါတယ်။ INGO နှင့် NGO (၆၀) ကျော်က

ရခိုင်ပြည်နယ်၌ ဖွံ့ဖြိုးရေးအစီအစဉ် အမျိုးမျိုးဖြင့် ကူညီထောက်ပံ့လျက်ရှိသည်ကို ပြည်သူအားလုံးပဲ အသိဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းအပြင် နိုင်ငံတော်အစိုးရကလည်း များမကြာမီမှာ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (၆) ချက်ဖြစ်သည့် လုံခြုံရေး၊ ယာယီနေရာ ပြန်လည် ချထားရေးနှင့် အမြဲတမ်းနေရာချထားခြင်း၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ၁၉၈၂ ခုနှစ်ဥပဒေနှင့် အညီ နိုင်ငံသားစိစစ်ရေးနှင့် ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်ရေး စသည့်အချက်များပါသော စီမံချက်ဖြင့် ဆောင်ရွက်ပေးနေလျက် ရှိပါတယ်။ ဤစီမံချက်များဟာ နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ် အရေးကို အထူးဂရုစိုက်ဆောင်ရွက်ပေးနေကြောင်း ပေါ်လွင်နေပါတယ်။

ဒီအပြင် ရခိုင်ပြည်နယ်လူမျိုးများအရေးကို နိုင်ငံတော်အစိုးရက အစဉ်သဖြင့် စဥ်းစားတဲ့ အတွက် ပြည်နယ်အစိုးရအဖွဲ့ကိုလည်း လိုအပ်သလို မကြာမကြာ ပြောင်းလဲပေးနေတာကို တွေ့ရပါ တယ်။ ဒါတွေဟာ ရခိုင်ပြည်နယ်ရှိ ဒေသပြည်သူများအရေးကို ပြည်ထောင်စုအစိုးရက အရေးတယူ ဂရုစိုက်ခြင်း ပေါ်လွင်နေတဲ့အချက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် အဆိုပြုသည့်အတိုင်း ရခိုင်လူမျိုးများ ရခိုင်ပြည်နယ်၌ နေပျော်လာအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အခြေအနေ အရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန်ဆိုသော အချက်များသည် အလွန်ကျယ်ပြန့်သည့်အပြင် အခြား ပြည်နယ်များအရေးကိုလည်း ထည့်သွင်းစဥ်းစားရန် လိုအပ်လာပါတယ်။

အဆိုရှင်က ရခိုင်ပြည်နယ်သည် ရပ်ဖီးလ်များ များသောကြောင့်ဟု ဆွေးနွေးသွားပါတယ်။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်း အချို့ဒေသများတွင် ရခိုင်ပြည်နယ်များကဲ့သို့ ရက်ဖီးလ်များသော ပြည်နယ်များနှင့်တိုင်းဒေသကြီးများ ဖြစ်ကြပါတယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဥပမာ- ဝဒေသမှာ ဆိုရင် မြန်မာစာမသင်ရဘဲ ပြည်ပစာကို သင်ရတယ်လို့ ကြားသိရပါတယ်။ အကယ်၍ ရခိုင်ပြည်နယ်ကို ပြည်နယ်သားများနေပျော်အောင် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပါလျှင် ဖော်ပြပါပြည်နယ်များကိုလည်း ထည့်သွင်းစဥ်းစားရန် လိုအပ်လာပါတယ်။ ရခိုင်ပြည်နယ်ကဲ့သို့ အခြားသော ပြည်နယ်ဒေသများကို လိုအပ်သည့်အချက် များစွာ ရှိပါတယ်။

ဥပမာ- ကချင်ပြည်နယ်တွင်လည်း ပြည်နယ်သားတွေနေပျော်အောင် နိုင်ငံတော်အစိုးရက ဘယ်လိုလုပ်မလဲ ကရင်မှာရော ကရင်ပြည်နယ်သားတွေ ကယားပြည်နယ်သားတွေ ဗမာပြည်နယ် သားတွေရော နေပျော်အောင် ဘယ်လိုလုပ်မလဲ၊ ရှမ်း၊ မွန် စသဖြင့် ပြည်နယ်သား အသီးသီးဟာ မိမိဒေသမှာ နေပျော်အောင်လုပ်ဖို့က အစိုးရတာဝန်က တစ်ပိုင်း အဓိကဖြစ်သော်လည်း ဒေသဆိုင်ရာ ကိုယ်၌ကိုယ်ကလည်း တစ်စိတ်တစ်ဒေသ တာဝန်ရှိပါတယ်။ ထိုကဲ့သို့ ရခိုင်ပြည်နယ်တစ်ခုတည်းကို ဖန်တီးပေးပါက နိုင်ငံတော်က ဘဏ္ဍာငွေပိုမိုကုန်ကျမည့်အပြင် ပြည်နယ်ဒေသခွဲခြားခြင်းမရှိဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေး အစိုးရ၏ မူဝါဒနှင့်လည်း ကိုက်ညီမှု မရှိဟု ထင်မိပါတယ်။

အခြေခံဥပဒေပုဒ်မ ၃၅၅ ကလည်း နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အတွင်း မည်သည့်အရပ်ဒေသမဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်ဟု မူလနိုင်ငံ သား အခွင့်အရေးပေးထားပြီးသား ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်သားများက INGO ၊ NGO အခြားအဖွဲ့အစည်းများနှင့် ဆက်ဆံရာတွင် မိမိဒေသအရေးကို ဦးစားပေးဆောင်ရွက်ရာ၌ ဆန္ဒပြ

ထုတ်ဖော်နည်းကို အဓိကထားမသုံးဘဲ ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုကို အဓိက ထား၍ လုပ်ဆောင်ကြပါလျှင် ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများနေပျော်အောင် ပိုမို လုပ်ဆောင်နိုင်မယ်ဟု အကြံပြုဆွေးနွေးရင်း မကွေးတိုင်းမဲဆန္ဒနယ် အမှတ် (၁၂) ဦးလှဆွေ၏ ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်အောင် အမျိုးသားရေး တစ်ရပ်အနေဖြင့် အခြေအနေ အရပ်ရပ်ကို ဖန်တီးပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုအား အမျိုးသားလွှတ်တော်၌ မှတ်တမ်းအဖြစ်သာ တင်ပေးပါ ကြောင်း ဆွေးနွေးအပ်ပါသည်။

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၇။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး များ အားလုံး ကျန်းမာ၊ ချမ်းသာကြပါစေရန် မေတ္တာပို့သလိုက်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဖြစ်ပါတယ်။ ဦးလှဆွေ တင်တဲ့အဆိုနဲ့ ပတ်သက်လို့ ကျွန်တော်တို့ သေချာဖတ်ကြည့်ပါတယ်။ ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ရန် အစိုးရကို တိုက်တွန်းတာ ဖြစ်ပါတယ်။

အဲဒီတော့ အဆိုတင်လာတဲ့ အချိန်လေးရဲ့ ထူးခြားမှုလေးကို ကျွန်တော် ပြန်လှန်သုံးသပ် ပါတယ်။ အမျိုးသားလွှတ်တော်ဟာ လူမျိုးစုလွှတ်တော်သဏ္ဍာန် ဖြစ်ပါတယ်။ လူမျိုးစုလွှတ်တော် သဏ္ဍာန် ဖြစ်အောင်လည်း ကျွန်တော်တို့ ပုံဖော်ပေးဖို့လိုအပ်ပါတယ်။ အဲဒီတော့ လူမျိုးစုလွှတ်တော်မှာ လူမျိုးစုတွေနဲ့ပတ်သက်တာ လူမျိုးစုတစ်ခုနဲ့ ပတ်သက်တာကို ထူးထူးခြားခြား တင်လာတဲ့ အကြောင်းရင်း တွေကို ကြည့်တဲ့အခါမှာ ထူးခြားမှုလေးတွေ့ပါတယ်။ နောက်ပြီးလွှတ်တော်မှာ ထူးခြားမှုတွေ အမြဲတမ်းရှိပါတယ်။ အထူးသဖြင့် ပြည်ထောင်စုအစိုးရနဲ့ အာဏာရပါတီတွေ ချိတ်ဆက်ပြီးမှ နိုင်ငံရေး ရည်မှန်းချက် မဟာဗျူဟာတစ်ခုကို စည်းချက်မိမိ လုပ်တော့မယ်ဆိုတဲ့ ကာလမျိုးမှာ ကျွန်တော်တို့ အခင်းအကျင်းတွေ တွေ့ပါတယ်။ ပြီးခဲ့တဲ့ကာလက မထင်မရှားလေးတွေ၊ နောက်ငြိမ်းချမ်းမှုလေးတွေ အဆိုပြုတာတို့ PR နောက်ပိုင်းမှာ အခုတင်တဲ့အဆိုက ထူးခြားပါတယ်။

ဘာကြောင့်လဲဆိုရင် ဦးလှဆွေဟာ ၂၀၁၂ ခုနှစ် ဇွန်လ အရေးအခင်းနဲ့ပတ်သက်လို့ တင်ပြဖို့ အတွက် (၇)လလောက်စောင့်ခဲ့ရတဲ့ ၂၀၁၃ ဖေဖော်ဝါရီလမှာမှ တင်သွင်းခွင့်ရခဲ့တဲ့အဆိုကို ကန့်ကွက် ခဲ့ပါတယ်။ ကျွန်တော် ဘာကြောင့် အဆိုကို တင်သွင်းခဲ့သလဲဆိုရင် ရခိုင်ပြည်နယ်ရဲ့ ရေတို၊ ရေရှည်နဲ့ ပတ်သက်လို့ ပြည်ထောင်စု၏ အစိတ်အပိုင်းတစ်ခုရဲ့ တာဝန်နဲ့ ပြည်ထောင်စု၏ တာဝန်ကို ခွဲခြားပြီးမှ ဆောင်ရွက်နိုင်ရန် ကျွန်တော်အဆိုတင်ခဲ့တဲ့ကာလမှာ ဦးလှဆွေ ကန့်ကွက်ပါတယ်။ ကန့်ကွက်မှုကိုလည်း ဤလွှတ်တော်ကပဲ ကန့်ကွက်သူစကားပြောခွင့်ပေးခဲ့တာကို မှတ်တမ်းပြန်ကြည့်ရင် သိသာနိုင်ပါတယ်။

အဲဒီတော့ ကျွန်တော်အခင်းအကျင်းလေးကို ပြန်ကြည့်ပါတယ်။ (၁၉)ရက်နေ့ ဇွန်လမှာ ဒုတိယ ဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဟာ တပ်မတော်ရဲ့ နောက်ပိုင်းကို ခေါ်သွားပါတယ်။ (၂၀)ရက်နေ့ နောက်ပိုင်းမှာ ဝန်ကြီးချုပ် အပြောင်းအလဲ ဖြစ်တယ်။ (၂၀) ရက်နေ့မှာပဲ ရခိုင်ပြည်နယ် လွှတ်တော်ကို တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို ပြောင်းရွှေ့ပေးပါတယ်။ ဒီအခင်းအကျင်းတွေဟာ ထူးခြားပါတယ်။ အဲဒီနောက်မှာ ကျွန်တော်တို့ (၂၃) ရက်နေ့ ဇွန် မှာ ရခိုင်အမျိုးသားပါတီက ကန့်ကွက်မှု (၃) ခုလုပ်ပါတယ်။ (၁) ရခိုင်ပြည်နယ်၏ ဝန်ကြီးချုပ်သည် ရခိုင်တိုင်းရင်းသားထဲမှ ဖြစ်သင့်၏။ (၂) ကျွန်တော်တို့ ဒီ ဝန်ကြီးချုပ်ဟာ ရွေးကောက်ခံကိုယ်စားလှယ်ပဲ ဖြစ်သင့်တယ်ဆိုတာမျိုး သုံးသပ်ပါတယ်။ နောက်တစ်ချက်က များရာစုပါလီမန်၏ လွှတ်တော်အမတ်ထဲမှ စဥ်းစားပေးပါဆိုတဲ့တောင်းဆိုချက်ကို တင်သွင်းခဲ့ပါတယ်။

အဲဒီနောက်မှ အခု ကျွန်တော်တို့ရဲ့ အခင်းအကျင်းလေးတွေတွေ့ပါတယ်။ (၂၅)ရက် (၆)လ မှာ ကျွန်တော်တို့ ရခိုင်ပြည်နယ် ပါလီမန်ထဲမှာ ကျွန်တော်တို့ ပြောင်းရွှေ့ခံရတဲ့ ဗိုလ်ချုပ် မောင်မောင်အုန်းက ကျမ်းကျိန်ပါတယ်။ (၂၆) ရက်၊ (၂၇) ရက် (၂) ရက်မှာ မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) မှာ ကျွန်တော်လည်း ပါ ပါတယ်။ ရခိုင်လူထု နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ဗိုလ်ချုပ် မောင်မောင်အုန်း တွေ့ပါတယ်။ ရခိုင်ပြည်၏ ရှေ့ဆက်သွားမယ့် Rakhaine Action Plan (၆) ချက်ကို အသေအချာ ဆွေးနွေးပါတယ်။ အဲဒါနဲ့ တစ်ပြိုင်တည်း (၂၅)ရက်နေ့မှာ ဦးလှဆွေ က ဒီအဆိုကို တင်သွင်းတဲ့ကာလမျိုး မှာ ထူးခြားမှုလေးတွေကိုတွေ့လို့ ပြည်ထောင်စုအစိုးရလွှတ်တော်၏ အားနဲ့ ကျွန်တော်တို့ ရခိုင် ပြည်သူလူထု၏အားသာ ပူးပေါင်းနိုင်ခဲ့မယ်ဆိုရင် ဝန်ကြီးချုပ် လောင်းလျာ မကြာခင် ဝန်ကြီးချုပ် ဖြစ်တော့မယ့်ပုဂ္ဂိုလ်၏ ဆောင်ရွက်မှုများသည် ရခိုင်ပြည်နယ်အကျိုး၊ ပြည်ထောင်စုအကျိုး၊ ပြည်ထောင်စု၏အမျိုးသားအကျိုးကို တစ်စုံတစ်ခု အတိုင်းအတာအထိ ဆောင်ရွက်နိုင်စေလိုတဲ့သဘော နဲ့ အားသုံးအားကို ယူပြီး ကျွန်တော်တို့ထိုးဖောက်တယ်ဆိုတာကို သုံးသပ်ပါတယ်။ ကြိုဆိုပါတယ်။

ကျွန်တော်တို့ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ အများကြီး ရှိပါတယ်။ ကျွန်တော် ဒီအဆိုရှင် အဆိုပြုခဲ့တဲ့ အဆို၏ အဓိပ္ပာယ်များကို သေသေချာချာကြည့်တဲ့အခါမှာ အဆိုရှင်ကို ကျေးဇူးတင်ပါတယ်။ ဒီနေ့ဖြစ်ပျက်နေတဲ့အခြေအနေအားလုံးကို ထင်ဟပ်ပါတယ်။ ကျွန်ုပ်တို့သည် ပြန်ကြည့်ပါ ရခိုင်ပြည်နယ် ရခိုင်လူမျိုး နေပျော်အောင်ဖန်တီးပေးပါ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဖန်တီးပေးပါ မဖန်တီး နိုင်လျှင် မနေပျော်ဘူးဆိုတဲ့သဘော သက်ရောက်ပါတယ်။ ကျွန်တော်တို့ ဒီနေ့အထိ ဖန်တီးခဲ့ကြလို့လား၊ ပြန်သုံးသပ်ဖို့လိုပါတယ်။ မိမိတို့ရခိုင်ပြည်ကိုချစ်ပါလျက် ရခိုင်ပြည်နယ်ထဲမှာ ရခိုင်လူမျိုးများ မနေထိုင် နိုင်လောက်အောင် ဖန်တီးခဲ့တာများ ရှိခဲ့သလားဆိုတာကို ပြန်သုံးသပ်ဖို့ လိုပါတယ်။

အဲဒီတော့ တစ်လောက ပြည်သူ့လွှတ်တော် အမတ်(၄)ဦး၊ ရခိုင်အမတ် (၄)ဦးကို ပြည်ထောင်စု ဝန်ကြီး၊ သမ္မတရုံးဝန်ကြီး ဦးစိုးသိမ်း က တွေ့ဖို့ ခေါ်ပါတယ်။ အဲဒီမှာ သူဝန်ခံတာ တစ်ခုရှိပါတယ်။ ခေတ်အဆက်ဆက်မှာ အုပ်ချုပ်သူတွေ ရခိုင်ပြည်နယ်ကိုမေ့ထားခဲ့ကြတယ်ဆိုတာကို ဝန်ခံပါတယ်လို့ ပြောပါတယ်။ ကျေးဇူးတင်ပါတယ် ဝန်ကြီးကို၊ သူအမှန်အတိုင်းဝန်ခံတဲ့အခါမှာ ရခိုင်ကို ဘာလို့ မေ့ထားခဲ့ကြသလဲ။ တခြားပြည်နယ်တွေကိုရော မေ့ထားခဲ့သလားဆိုတာကို ပြန်လှန်သုံးသပ်ဖို့ လိုလာပါ တယ်။ အဲဒီတော့ ကျွန်တော်တို့ ရခိုင် တစ်နည်းအားဖြင့် တိုင်းရင်းသားတွေကို မယုံကြည်မှုသည် ကျွန်တော်တို့ လူများစုရဲ့ရင်ထဲမှာ မျိုးစေ့တစ်ခုအဖြစ်ရှိနေသလား။ မရှိဖို့ လိုပါတယ်။

ကျွန်တော်တို့က ပြည်ထောင်စုဝါဒီတွေကို မျှော်လင့်ပါတယ်။ စစ်မှန်တဲ့ပြည်ထောင်စုတစ်ခုကို ပုံဖော်တဲ့အခါမှာ တကယ်စစ်မှန်တဲ့ပြည်ထောင်စုကို တည်ဆောက်လိုသော ပြည်ထောင်စုဝါဒီတွေကို ကျွန်တော်တို့အများကြီး ကြိုဆိုပါတယ်။ လိုလားပါတယ်။ အဲဒါမျိုးဖြစ်တဲ့အခါမှာ ဘာကြောင့်ရခိုင်တွေ ရခိုင်ပြည်နယ်ထဲမှာ မနေနိုင်အောင်ဖြစ်သွားကြလဲဆိုတာကို အချက် (၃)၊(၄)ချက်တွေ့ပါတယ်။ (၁) ဟိုတုန်းက နဲ့စာရင် ဦးလှဆွေ လည်း ပြောပါတယ်။ ရခိုင်ပြည်နယ်မှာ တပ်ရင်းတွေ များလာပါတယ်။ တပ်ရင်း တည်ဆောက်ဖို့အတွက် လယ်မြေတွေကို သိမ်းတယ်။ မိမိရဲ့ မူလပိုင်ရှင် လယ်သမားတွေဟာ လယ်မဲ့ယာမဲ့ဘဝကို ရောက်သွားပါတယ်ခင်ဗျား။ အခုပြန်လှန်သုံးသပ်ပြီးမှ မူလပိုင်ရှင်တွေကို ပေးတဲ့အခါမှာလည်းပဲ မူလပိုင်ရှင်မရဘဲနဲ့ တစ်ဆင့်ခံ ငှားစားတဲ့ ခရိုနီတွေလက်ထဲကို ရောက်သွားတဲ့ အခါမှာ ဒါပြည်နယ်ဝန်ကြီးချုပ်ရဲ့ တာဝန်ဟာ ပိုပြီးပီပီပြင်ပြင် လိုအပ်လာတဲ့သဘော ဖြစ်ပါတယ်။ နောက်တစ်ခါ ငပလီကမ်းခြေဘက်ကို ကြည့်ပါ။ တပ်မတော်က သိမ်းထားတဲ့ မြေတွေရှိပါတယ်။ လယ်တွေ၊ ဥယျာဥ်တွေ ရှိပါတယ်။ ဟိုတယ်ကြီးတွေအဖြစ် ငှားထားတာ ရှိပါတယ်။ ဒီဘက်မှာ လည်းပဲ ကမ်းတစ်လျှောက်လုံးမှာ ပြန်ကြည့်ပါ။ ရခိုင်လူမျိုးများပိုင်တဲ့ ဟိုတယ် လက်ချိုးရေလို့ ရပါတယ်။ (၁)ခုလောက်ရှိပါတယ်။ ဒီက ဦးမြင့်လှိုင် တစ်ယောက်ပိုင်ပါတယ်။ သေးသေးလေးပါ။ အင်မတန် ကြီးမားတဲ့ ဟိုတယ်တိုင်းကို ပြည်မအခြေပြုတဲ့ လုပ်ငန်းရှင်ကြီးတွေ ပိုင်ဆိုင်နေကြပါတယ်။ နောက်တစ်ခါ ပြန်ကြည့်ပါ။ ကျွန်တော်တို့ တောင်ကုတ်၊ ဂွ။ ဒီဘက်ကဒေသမှာ တောင်ပေါ်မှာ (၁၆၅၀၀၀)လောက်ရှိတဲ့ မြေဧကကို ဦးခင်မောင်အေး ဆိုတဲ့ အမည်နဲ့ KMA က အမျိုးသမီးက တစ် နာမည်၊ သားသမီးက တစ်နာမည်၊ သားသမီးရဲ့ အမျိုးသားက တစ်နာမည်နဲ့ ဧကပေါင်း (၁၆၀၀၀၀) ကျော်လောက် ယူထားတာမျိုးတွေ့တဲ့အခါ အင်မတန်မှလည်း ပြန်လှန်သုံးသပ်ဖို့ လိုတဲ့ အခြေအနေ ရှိတယ်။ အဲဒီတော့ ရခိုင်ပြည်နယ်မှာ ရခိုင်လူမျိုးများ မနေနိုင်လောက်အောင် ပတ်ဝန်းကျင် တကယ် ရှိ/မရှိကို ပြန်လှန်သုံးသပ်ပြီးမှ နေပျော်အောင် လုပ်သင့်တဲ့ဟာလေးတွေကို ဦးလှဆွေ တင်သွင်းတဲ့ အခါမှာ ဘယ်လိုပဲဖြစ်ဖြစ် သူက ကျွန်တော်တို့ကို အမြဲတမ်းဘယ်လိုပဲ ကန့်ကွက်၊ ကန့်ကွက်။ သူရဲ့အဆိုဟာ အပြုသဘောဆောင်တာမို့လို့ ကျွန်တော်တို့ သတိကြီးစွာနဲ့ ကြိုဆိုလက်ခံပါတယ်။

အဲဒီတော့ ပြည်ထောင်စုအစိုးရ၊ အခုသူ့အဆိုမှာ သေသေချာချာပြန်ကြည့်ရင် ပြည်ထောင်စု အစိုးရက ပေးမှ၊ ပြည်ထောင်စုအစိုးရက သနားမှ၊ ပြည်ထောင်စုအစိုးရကို ငိုပြနိုင်မှ ကျွန်တော်တို့ရဲ့ အမျိုးသားပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်နိုင်တဲ့ လက်ရှိအခြေအနေရဲ့ သရုပ်အမှန်ကို ထင်ထင်ရှားရှား ပြပါတယ်။ အဲဒါကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ လက်ရှိအခြေအနေ အမှန်ပါ။ ပြည်ထောင်စုအစိုးရ၏ ငြိုငြင်မှု ရှိခဲ့လို့ရှိရင် ပြည်နယ်တစ်ခုသည် မဖွံ့ဖြိုးနိုင်၊ ပြည်ထောင်စုအစိုးရ၏ ငြိုငြင်မှုရှိခဲ့လျှင် ပြည်နယ်တစ်ခုသည် မငြိမ်းချမ်းနိုင်၊ ပြည်ထောင်စုအစိုးရ၏ ငြိုငြင်မှု ရှိခဲ့လို့ရှိရင် ပြည်ထောင်စုမပီသမှုမျိုးနဲ့ ပြည်နယ်များခံစားနေရမယ်ဆိုတဲ့ သဘောမျိုးနဲ့ ဖြစ်တဲ့အခါမှာ ကျွန်တော် တို့သည် ပြည်ထောင်စုပီသအောင် မလုပ်သင့်ဘူးလားဆိုတဲ့ အတွေးနဲ့ ကျွန်တော်တို့ ပြန်လှန်ချဥ်းကပ် ဖို့ လိုအပ်လာတဲ့ အခြေအနေဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဘယ်လိုပတ်ဝန်းကျင်မျိုးကို လိုချင်သလဲ။ ဦးလှဆွေ ကတော့ဖြင့် သူရဲ့အမြင်နဲ့ ပြည်ထောင်စုမပီသမှုကို ရှင်းရှင်းလင်းလင်း ပြောပြီးဖြင့်ကာမှ နို့သက်ခံတတ်တဲ့ကလေးမှ၊ ငိုပြတဲ့ ကလေးမှ၊ လက်ဖြန့်တောင်းနိုင်တဲ့ ကလေးမှ ပြည်ထောင်စုရဲ့ ကျွေးတာလေး၊ မွေးတာလေးနဲ့ လှအောင်ဝတ်နိုင်မယ့် အခြေအနေမျိုးဟာ ကျွန်တော်တို့

ဒီနေ့သွားလိုတဲ့ ပြည်ထောင်စုဝါဒီတွေရဲ့ အယူအဆကြားထဲမှာ စီးပါမျှောထွက်သွားဖို့ လိုပါတယ်။ ဒါ ကျွန်တော်တို့ လိုလားတဲ့ ပြည်ထောင်စုပါ။

အဲဒီတော့ ပြည်ထောင်စုကို ဘယ်လို ပုံဖော်မှာလဲ။ ကျွန်တော်တို့လိုချင်တာ ဖွဲ့စည်းပုံအရ ကျွန်တော်တို့ အမျိုးသားပြည်နယ်တွေရဲ့ လွတ်လပ်မှု အတိုင်းအတာတစ်ခုကို ပြည်ထောင်စုစနစ် ပီပီသသ သတ်မှတ်ပေးဖို့လိုပါတယ်။ အုပ်ချုပ်ပိုင်ခွင့်၊ လွတ်လပ်ခွင့်၊ စီးပွားရေးအရ ပြည်ထောင်စုစနစ် ရဲ့ ပီပီပြင်ပြင်ထဲမှာ လွတ်လပ်ပိုင်ခွင့်ရှိဖို့လိုပါတယ်။ ကျွန်တော်တို့ အမျိုးသားပြည်နယ်တွေမှာ မိမိ တို့ရဲ့ စီးပွားရေးနဲ့ ပတ်သက်တဲ့ Potential တွေ ရှိပါတယ်။ မိမိတို့ရဲ့ အမျိုးသားပြည်နယ်များ၏ Heritage တွေရှိပါတယ်။ ဆောင်ရွက်စရာလုပ်ငန်းအများကြီး ရှိတဲ့အခါမှာ ဒီဟာတွေကို လွတ်လွတ် လပ်လပ် ပြည်နယ်အချင်းချင်း၊ အမျိုးသားပြည်နယ်များအချင်းချင်း ပြိုင်ပြီးမှ မိမိတို့ရဲ့ ပုံသဏ္ဍာန်ကို ဖော်နိုင်တဲ့ စနစ်မျိုးဖြစ်အောင် အခြေခံဥပဒေအရ ကျွန်တော်တို့ ရရှိဖို့ လိုအပ်ပါတယ်။ ဒီဟာကြီးကို ဦးလှဆွေ က ရှင်းရှင်းလင်းလင်း ပြတဲ့အခါမှာ ကျွန်တော်တို့ ဝမ်းသာပါတယ်။ အဲဒါကြောင့် ကျွန်တော် တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်တော်တို့ရဲ့ အမျိုးသားပြည်နယ်များကို ဖန်တီးခွင့် အတိုင်း အတာ တစ်ခုအထိ ရဖို့လိုပါတယ်။ စီးပွားရေးအားဖြင့် လွတ်လပ်ခွင့် ကျွန်တော်တို့မှာ ဖန်တီးပေးဖို့ လိုပါတယ်ဆိုတာကို ဦးလှဆွေ အဆိုကို သေသေချာချာ စဉ်းစားသုံးသပ်ကြည့်မယ်ဆိုရင် တွေ့ရှိရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ရခိုင်လူမျိုးတွေ ဘယ်လိုပတ်ဝန်းကျင်မျိုးကို ဖန်တီးလိုလားပါသလဲ၊ ကျွန်တော်အကျဉ်းချုံးပြီး တင်ပြချင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့မှာ သမိုင်းတွေ ရှိပါတယ်။ လက်ရှိ အခြေအနေ၊ လွတ်လပ်ရေးရပြီးကာလအထိ၊ ဒီနေ့အထိ ခံစားနေရတာတွေ ရှိပါတယ်။ အခု ကျွန်တော် တို့ ပတ်ဝန်းကျင်၊ ကျွန်တော်တို့ ဖန်တီးလိုတဲ့ ပတ်ဝန်းကျင်တွေ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ သမိုင်း သိတဲ့အတိုင်းပါ ရှည်လျားပါတယ်။ ဒါပေမဲ့ သမိုင်းဆိုတာမျိုးကို ကျွန်တော်တို့က နာကြည်းစရာ၊ ကလဲ့စားချေစရာ၊ သံဝေဂယူစရာ၊ ဆင်ခြင်စရာတွေအဖြစ်ပဲထားပြီးမှ ကျွန်တော်တို့ ရှေ့ဆက် ဘယ်လိုသွားမလဲ။ အဲဒါတွေကအရေးကြီးပါတယ်။ အဲဒီတော့ အမျိုးသားရေးစိတ်အခံ ရှိမနေလို့ရှိရင် လည်းပဲ အချုပ်အခြာအာဏာဆိုတာ လက်လွတ်ရမယ့်သဘောဖြစ်ပါတယ်။ အဲဒီတော့ အမျိုးသားရေး စိတ်အခံနဲ့ သမိုင်းကို ရှေ့ဆက်ပြီး ပန်းတိုင်ရောက်အောင် ကျွန်တော်တို့ဘယ်လို ဖန်တီးသွားမှာလဲ။ ဘယ်လိုခံယူချက်များနဲ့ လှေကားတစ်ထစ်အဖြစ် အသုံးပြုသွားမှာလဲဆိုတဲ့ ကျွန်တော်တို့ဒါ၊ ဦးဆောင် တဲ့ ပုဂ္ဂိုလ်များရဲ့ အယူအဆဟာ အင်မတန်အရေးကြီးတဲ့ ကာလကို ရောက်နေပါပြီ၊ အဲဒီတော့ သမိုင်း ရဲ့ နာကျည်းဖွယ်၊ သံဝေဂရဖွယ်၊ ဆင်ခြင်ဖွယ်ရာ အရာများကို အမျိုးသားရေး အားမာန်အဖြစ် ဖန်တီး ပြီးမှ အမျိုးသားအကျိုးစီးပွား၊ ကျွန်တော်တို့ ပြည်ထောင်စုရဲ့ အကျိုးစီးပွားကို ဖန်တီးပေးနိုင်မယ် ဆိုရင် ကျွန်တော်တို့အတိတ်က သင်ခန်းစာယူစရာ အားလုံးဟာ ပြည်ထောင်စုအတွက် အားဖြစ်သွား နိုင်တယ်လို့ သုံးသပ်ပါတယ်။

နောက်တစ်ချက် ကျွန်တော်တို့ လွတ်လပ်ရေး ရပြီးပါပြီ၊ ဒီနေ့အထိ လွတ်လပ်ရေးရဲ့ ချို၊ ချဉ်၊ ဖန်၊ ခါး အရသာကို ကျွန်တော်တို့ တကယ်ခံစားပြီးပြီလား။ ခံစားရတဲ့သူလည်း ခံစားရမှာပါ။ ကျွန်တော်တို့ဘက်က ပြန်စဉ်းစားတဲ့ အခါမှာ ပွင့်ပွင့်လင်းလင်း ပြောလို့ရှိရင် စပ်ဖျဉ်းဖျဉ်း၊ ခါးတူးတူး အရသာတွေကိုပဲ ခံစားနေရတယ်ဆိုတဲ့ တိုင်းရင်းသားတွေရဲ့ အသံကို ကြားမိမှာပါ။ ကျွန်တော်တို့

ပြန်လှန်သုံးသပ်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ လူငယ်မျိုးဆက်တွေ၊ ပွင့်ပွင့်လင်းလင်းပြောရင် အင်္ဂလိပ်က တရုတ်ကို အုပ်ချုပ်တဲ့အခါမှာ ဘိန်းနဲ့လုပ်ပါတယ်။ ကျွန်သက်ရှည်လိုတဲ့ သဘောပါ။ အဲဒီတော့ အနာဂတ်မျိုးဆက်တွေကို ဖျက်ဖို့အတွက် ဒီလိုမူးယစ်ဆေးဝါး အပါအဝင် ခုနက ဒီ အရက် သေစာမျိုးနဲ့ ကျွန်တော်တို့ရဲ့ ဒေသတွေအားလုံးမှာ ဖြန့်ဖြူးပြီးကာမှ ဒီ ယဥ်ကျေးမှုအသစ်ဖြစ်တဲ့ တခြား အပျော်အပါးတွေကို အလေးထားတဲ့ ယဥ်ကျေးမှုအသစ်နဲ့ Introduce လုပ်လာတဲ့အခါမှာ ကျွန်တော် တို့ရဲ့အနာဂတ်ကို၊ ပြည်နယ်တစ်ခု၏အနာဂတ်ကို၊ ကျွန်တော်တို့ရဲ့ အမျိုးသားပြည်နယ်များ၊ အမျိုးသား တိုင်းရင်းသားများအားလုံးရဲ့ အနာဂတ်ကို ဖြိုဖျက်ခြင်းသည် ကျွန်တော်တို့၏ ပြည်ထောင်စု၏ အနာဂတ်ကို ဖြိုဖျက်ခြင်းမည်တယ် ဆိုတာမျိုးကိုသာ သုံးသပ်နိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ လူငယ် မျိုးဆက်များကို ဘယ်လိုပျိုးထောင်ရမယ်ဆိုတဲ့ ကဏ္ဍမျိုးကို ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပြောရင် ပြည်ထောင်စု ဝါဒီများပီပီ ကျွန်တော်တို့ အကောင်အထည်ဖော်ဖို့လိုပြီလို့ လည်း တင်ပြချင်ပါတယ်။

အဲဒီတော့ ဒီနေရာမှာ အလျဥ်းသင့်လို့ မြန်မာငြိမ်းချမ်းရေးစင်တာမှာ ကျွန်တော်တို့ (၂)ရက် လောက် သွားဆွေးနွေးရတဲ့ ကာလလေးရှိပါတယ်။ ကျွန်တော်တို့ ပထမဦးစွာ တင်ပြခဲ့တဲ့အတိုင်းပါ ပဲ၊ ကျွန်တော်တို့ရဲ့ ဝန်ကြီးချုပ်အသစ်ဟာ တပ်မတော်က Appointed လုပ်ပါတယ်။ အဲဒီတော့ ဝန်ကြီးချုပ်အသစ် မနေ့ကကျွန်တော်တို့ ရခိုင်အမတ်များအားလုံးကလည်း လက်ခံပါတယ်။ ရခိုင် ပြည်နယ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ပေးလို့ သမ္မတကြီး၏ အဆိုပြုချက်နဲ့ ရောက် လာတဲ့ ပုဂ္ဂိုလ်ဟာ ကျွန်တော်တို့ သုံးသပ်ပါတယ်။

တပ်မတော်ရဲ့အား၊ ပြည်ထောင်စုအစိုးရ၏အား၊ ဒီပုဂ္ဂိုလ်မှာ ရခိုင်ပြည်သူလူထု၏ ထောက်ခံမှုအားနဲ့ ပူးပေါင်းနိုင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ အခက်အခဲ အားလုံးကို အချိန်တိုအတွင်းမှာ ဖြေရှင်းပေးနိုင်မယ့် ခေါင်းဆောင်တစ်ဦးလို့ သတ်မှတ်ယုံစားပါတယ်။ ကျွန်တော်တို့ပံ့ပိုးပေးဖို့၊ ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ဘက်က အဆင်သင့်ဖြစ်နေပါတယ်။ အဲဒီတော့ ဝန်ကြီးချုပ်အသစ်ကို MPC မှာ ကျွန်တော်တို့ လူထုနဲ့ နိုင်ငံတကာ အဖွဲ့အစည်းနဲ့ တွေ့ပါတယ်။ ရခိုင် ပြည်နယ်ဘက်က ခေါင်းဆောင်တွေ၊ ကွန်ရက်ခေါင်းဆောင်တွေ တွေ့ပြီးကာမှ မီဒီယာနဲ့ တွေ့ပါတယ်။ ဘာလုပ်မယ်၊ ဘာလုပ်မယ်။ အဲဒီလိုပဲ ဒီလွှတ်တော်ကြီးမှာ အစိုးရကို တိုက်တွန်းတဲ့ အဆိုဟာလည်းပဲ လူထုကို သိအောင် ပြည်သူ့လွှတ်တော်ဘက်က၊ အမျိုးသားလွှတ်တော်ဘက်က ဘယ်လောက်အထိ ပူးပေါင်း ဆောင်ရွက်နေတယ်ဆိုတာကို Message ပေးတဲ့သဘောနဲ့ ကျွန်တော်တို့ရဲ့ ဝန်ကြီးချုပ် လောင်းလျာ ကြီးရဲ့အားကို ပံ့ပိုးပေးတဲ့ကဏ္ဍဖြစ်တဲ့အခါမှာ ကျွန်တော်တို့ ကြိုဆိုပါတယ်။

အဲဒီ့အခါမှာ ပြည်ထောင်စုအစိုးရကို တောင်းဆိုချင်တာရှိပါတယ်။ ဝန်ကြီးချုပ်အသစ်နဲ့ အတူ ကျွန်တော်တို့ရဲ့ ရခိုင်ပြည်နယ် လက်ရှိပဋိပက္ခကို ကျွန်တော်တို့ စီမံချက်(၆)ခု၊ Action Plan (၆)ခုနဲ့ ကျွန်တော်တို့ တစ်ဆင့်ချင်းသွားဖို့ သုံးသပ်ရေးဆွဲထားကြပါတယ်။ အဲဒီ့အခါမှာ ဝန်ကြီးချုပ် သည် ပြီးခဲ့တဲ့ကာလ အားလုံးနဲ့ ပတ်သက်တဲ့ ပြုပြင်စရာ၊ သုံးသပ်စရာ အားလုံးကို သေသေချာချာ သုံးသပ်ထားပြီးသား ပုဂ္ဂိုလ်တစ်ဦးအဖြစ် ယုံကြည်တာမို့လို့ ပြည်ထောင်စုအစိုးရသည် ဤဝန်ကြီးချုပ်၏ ခရီးစဥ်၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု၏ ပဏာမအနေနဲ့ အင်မတန်ကြီးမားတဲ့ လုပ်ငန်းကြီးတစ်ခု လောက်ကို လုပ်ပေးစေချင်ပါတယ်။

မြေလတ်ပိုင်း၊ အထူးသဖြင့် ဆီထွက်တဲ့ မကွေး၊ မင်းဘူး စတဲ့ဒေသက အမ်းတောင်ကြား လမ်း၊ အမ်း Mountain Pass ကို အသုံးပြုပြီးတော့ ကျွန်တော်တို့ အခုဆိုလို့ရှိရင် ဗိုလ်မှူး တစ်ယောက်လည်း တင်ပြသွားပါတယ်။ ပြည်မနဲ့ ရခိုင်ပြည်နယ်ကို ဆက်မယ့်လမ်းကြောင်းဟာ ထင်ထင်ရှားရှားနဲ့ တော်တော် ခိုင်ခိုင်ခံ့ခံ့သဘောနဲ့ တည်ဆောက်ပြီးတဲ့သဘော ဖြစ်နေပါတယ်။ အဲဒီတော့ ဒီလမ်းဟာ မိုင်ပေါင်း(၄၀၀)ကျော်လောက်၊ (၃၀၀)ကျော်လောက်ရှိပါတယ်။ အဲဒီတော့ ဒီလမ်းမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ဥက္ကဋ္ဌ ဖြစ်တဲ့ သူရဦးရွှေမန်း ဆီမှာလည်း IBC မှာ ရခိုင်လူထုရဲ့ တင်ပြချက် ရှိပါတယ်။ အဲဒီတော့ ဒီလမ်း၏ မိုင်(၈၀)လောက် ရှည်လျားကွေ့ကောက် နေတဲ့အပိုင်းကိုဖြတ်ပြီးမှ ပေါက်တောကနေပြီးတော့ အခုစက်မှုဇုန်လုပ်မယ့်ပုဏ္ဏားကျွန်း၊ စစ်တွေကြား လွင်ပြင်ကိုသာ ကစ္စပနဒီမြစ်ဝဖြတ်တဲ့ တံတားကြီးတစ်ခုကို ပြည်ထောင်စုအစိုးရက တည်ဆောက်ပေး နိုင်မယ်ဆိုရင် မိုင်(၈၀)လောက်သက်သာပြီးမှ ပြည်မကထွက်လာတဲ့ ခုနက ကျွန်တော်ပြောတဲ့ ဆီထွက်သီးနှံများအားလုံးကို စစ်တွေဆိပ်ကမ်းရဲ့ အားသာချက်ကို အသုံးပြုပြီးမှ ကာလကတ္တားကို ဖြစ်ဖြစ်၊ အရှေ့မြောက် အိန္ဒိယပြည်နယ်ကိုဖြစ်ဖြစ် ကျွန်တော်တို့ ကုန်စည်ဖြန့်ဖြူးပေးခြင်းအားဖြင့် ပြည်မနေလူထုလည်း အကျိုးရှိ၊ ရခိုင်လူထုလည်း အကျိုးရှိတာမို့လို့ ဒီတံတားကြီးတစ်ခုကိုတော့ဖြင့် ဝန်ကြီးချုပ်အသစ်နဲ့ အတူ ဒီလွှတ်တော်ကပဲ ဦးလှဆွေ အဆိုနဲ့အတူ ကျွန်တော်ပြည်ထောင်စုအစိုးရကို တောင်းဆိုလိုပါ တယ်။

ဒုတိယတစ်ချက်အနေနဲ့ ကျွန်တော်တင်ပြချင်ပါတယ်။ နိုင်ငံတကာ မိသားစုများ၊ သံရုံးများ ဟာလည်းပဲ ကျွန်တော်တို့ရဲ့ ဘင်္ဂါလီ၊ ရခိုင် ပဋိပက္ခ ပြေရာပြေကြောင်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ကြိမ်ဖန်များစွာတွေ့ပါတယ်။ အမေရိကန်သံအမတ်ကအစ၊ သံအမတ်မျိုးစုံပါ။ ကျွန်တော်တို့ တောင်းဆို ပါတယ်။ နိုင်ငံတကာ NGO များ၊ UN အေဂျင်စီများ၊ INGO များ၏ ၁၉၉၀ ခုနှစ်နောက်ပိုင်း၊ နှစ်ပေါင်း (၂၀)ခန့် ဆောင်ရွက်မှုအားလုံးသည် Onesided ဖြစ်နေပါတယ်။ တစ်ဘက်စောင်းနင်းဖြစ်တဲ့ အခါမှာ ပြီးခဲ့တဲ့ မတ် (၂၆)၊ (၂၇) ဖြစ်စဥ်လေးတစ်ခု ဖြစ်ပျက်သွားခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီသည်လည်း ပါဝင်မှုမရှိဘဲနဲ့ ဒီဖြစ်စဥ်တစ်ခုလုံးအပေါ်မှာ ကျွန်တော်တို့ ဖြစ်စဥ်တစ်ခုလုံး မဖြစ်သင့်တဲ့ လုပ်ငန်းဆိုပြီးတော့ သုံးသပ်ပြီးမှ ဒီဖြစ်စဥ်မျိုးအပေါ်မှာ ကျွန်တော် တို့က ရခိုင်ပြည်သူများကိုယ်စား တောင်းပန်စကားတွေပြောပါတယ်။ အင်မတန်ဝမ်းနည်းဖွယ် ဖြစ် လောက်အောင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ရုံးများ၊ ပစ္စည်းများကို ဖြိုဖျက်ခြင်းဆိုတဲ့ ဦးဆောင်မှုတစ်ခု၏ အောက်မှာ၊ မည်သည့်အဖွဲ့အစည်းမှ ဦးဆောင်သည် မသိတဲ့ အဖွဲ့အစည်းတစ်ခုရဲ့ အောက်မှာ ရခိုင်တစ်မျိုးသားလုံးရဲ့ ဂုဏ်သိက္ခာလျော့ဆင်းသွားတဲ့အခါမှာ ပြည်နယ်ဝန်ကြီးချုပ်၏ လုပ်ပိုင်ခွင့်သည် ဘယ်လဲ၊ ဘာလဲ ကျွန်တော်တို့မေးခဲ့ကြတာ ရှိပါတယ်။

အဲဒါကြောင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ လုပ်ပိုင်ခွင့် အပြည့်အဝရအောင် ဒီ စီမံချက် (၆)ခုထဲက နံပါတ်(၁)ဖြစ်တဲ့ လုံခြုံရေးနဲ့ ပတ်သက်တဲ့ကဏ္ဍကို ကျွန်တော်တို့ ဝန်ကြီးချုပ် အလောင်း အလျာဖြစ်တဲ့ ဗိုလ်ချုပ်မောင်မောင်အုန်း နဲ့ ဆွေးနွေးတိုင်ပင်ပြီးမှ အကောင်းဆုံးဖြစ်အောင် ဖန်တီး ပေးဖို့ ကျွန်တော်တို့ တင်ပြခဲ့ကြတာရှိပါတယ်။ အဲဒီတော့ ဒီ ရခိုင်ပဋိပက္ခဟာ အင်မတန် ကြီးကျယ်ပြီးမှ ရခိုင်တင်မက ဗမာပြည်ထောင်စုတစ်ခုလုံးတင်မက အရှေ့တောင်အာရှတစ်ခုလုံးကို ရိုက်ခတ်တဲ့ ပြဿနာ ဖြစ်သွားတဲ့အခါမှာ နိုင်ငံတကာမိသားစုများသည် မောင်တော၊ ဘူးသီးတောင်စတဲ့ ရခိုင် ပြည်နယ် မြောက်ပိုင်းမှာရှိသော ပုဂ္ဂိုလ်များအရေးနဲ့ ပတ်သက်လို့ နို့သက်ခံပေးဝေနေခြင်း

Humanitarian aids အပြင် ဖွံ့ဖြိုးစေချင်တယ်ဆိုရင် ရခိုင်မြောက်ပိုင်းဒေသမှ ထွက်ကုန်များကို စစ်တွေဆိပ်ကမ်း၏ အားသာချက်ကို အသုံးပြုပြီး၊ မေယုမြစ်အဝမှာရှိသော ဒီဘက်က ရေချမ်းပြင်နဲ့ အငူမော်ကိုသာ ပင်လယ်ကူးသဖွယ်၊ မြစ်ဝတံတားကြီးသဖွယ်၊ မြစ်ဖြတ်ကျော် တံတားကြီးသဖွယ် တစ်ခုကိုသာ ကြီးကြီးမားမား တည်ဆောက်ပေးနိုင်မယ်ဆိုရင် နှစ်ပေါင်း(၂၀)ခန့် နိုင်ငံတကာ အဖွဲ့ အစည်းများကို ယုံကြည်မှု ပျက်ပြားလာတဲ့ ရခိုင်လူထုကို ကျွန်တော်တို့ ပြန်လည်နှစ်သိမ့်အားပေး ကူညီကြရာရောက်တဲ့သဘော ဖြစ်ပါတယ်။ အဲဒီ ဥစ္စာလေးတစ်ခုကို လုပ်ပြီးမှ UN အေဂျင်စီများ၊ INGO များအားလုံးသည် ခုနက ကျွန်တော်တင်ပြခဲ့တဲ့ Humanitarian aids ဒီဘက်က Development Sector အကုန်လုံးကို ဝင်ပြီးကာမှ Socio- Economic aspects အတိုင်း လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ရခိုင်ဒေသဟာ ဒီဘက်က အလယ်သံကျော်ဘက်မှာလည်း စက်မှုဇုန် ကြီးတွေ ပေါ်လာမယ်။ ကျောက်ဖြူဘက်မှာလည်း စက်မှုဇုန်ကြီးတွေပေါ်လာမယ်။ ပုဏ္ဏားကျွန်းမှာ လည်း စက်မှုဇုန်ကြီးတွေ ပေါ်လာပြီးမှ ဒီ စစ်တွေဆိပ်ကမ်းအားသာချက်ကို အသုံးပြုနိုင်မယ်ဆိုရင် ပြည်မရဲ့ အလယ်ပိုင်း ဆီထွက်တဲ့ နေရာက ကုန်တွေ၊ ဟိုဘက်က ဘင်္ဂါလီများရာစုရှိတဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်းက ကုန်တွေ၊ ကျောက်ဖြူဆိပ်ကမ်းက ဟာတွေနဲ့ အကုန်လုံး အဆင်ပြေပြီး ကုန်စည်ဖြန့်ဖြူး နိုင်တဲ့ ဆိပ်ကမ်းကြီး ဖြစ်ပြီးကာမှ အားသာချက်ကို ကျွန်တော်တို့ အကျိုးရှိရှိ အသုံးပြုနိုင်မှာမို့လို့ ဒါတွေကို လုပ်ပေးပါလို့ ကျွန်တော်တို့ တင်ပြတောင်းဆိုလိုပါတယ်။

နောက်ဆုံးအနေနဲ့ ရခိုင်ပြည်နယ် အေးချမ်းတည်ငြိမ်ဖို့အတွက် အရေးကြီးတာက ပဋိပက္ခ မဖြစ်ရေးပါ။ ဒီ ဦးလှဆွေ အဆိုပြုတဲ့ လုပ်ငန်းအားလုံး အောင်မြင်ခြင်းသည် ရခိုင်မှာ ဖြစ်ပျက်သွား၊ ဖြစ်ပျက်နေဆဲဖြစ်တဲ့ ခုနက Emergency Period ၊ Resettlement Period စသည်ဖြင့် ကာလ တစ်ခုခုကို ဖြတ်ပြီးကာမှ တည်ငြိမ်အေးချမ်းတဲ့ ပတ်ဝန်းကျင်တစ်ခုဖြစ်ရေးပါ။ တည်ငြိမ်အေးချမ်း တဲ့ ပတ်ဝန်းကျင်တစ်ခု မဖြစ်ဘဲနဲ့ ကျွန်တော်တို့ရဲ့ Socio- Economic အခြေအနေ ဖြစ်ဖြစ်၊ ဖွံ့ဖြိုးဖို့ အခြေအနေဖြစ်ဖြစ် မပေးနိုင်တဲ့အခါမှာ ကျွန်တော်တို့က တောင်းဆိုပါတယ်။ တကယ်လို့ ဘင်္ဂါလီ များသည် မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သော ရိုဟင်ဂျာ တိုင်းရင်းသား ဖြစ်ရေးဆိုတဲ့ ဦးတည်ချက်ကိုသာ ပယ်ချနိုင်ခဲ့မယ်ဆိုရင် ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေအရ တစ်ဆင့်ချင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် လျှောက်ထားပြီးမှ၊ မြန်မာနိုင်ငံအစိုးရ၏၊ မြန်မာနိုင်ငံ၏ တည်ဆဲ ဥပဒေများကို လိုက်နာပြီး၊ လေးစားပြီး၊ အချုပ်အခြာအာဏာကို လေးစားသော ပုဂ္ဂိုလ်များ ဖြစ်မယ် ဆိုလျှင်၊ ဖြစ်လိုသည်ဆိုလျှင် ကျွန်တော်တို့နဲ့ အချိန်မရွေး ဆွေးနွေးပြီးမှ ဒီရခိုင်ဒေသ တည်ငြိမ် အေးချမ်းအောင် ဘယ်လိုဆောင်ရွက်မလဲဆိုတာကို ဆွေးနွေးဖို့ အဆင်သင့်ရှိပါတယ်။

ဒါလေးကို ကြံ့တုန်း ဦးလှဆွေ တင်တဲ့အဆိုနဲ့ တစ်ထပ်တည်း တည်ငြိမ်အေးချမ်းတဲ့ (Peacefull Co-Existence Location) တစ်ခုဖြစ်အောင် ကျွန်တော်တို့ရဲ့ ဖန်တီးလိုမှု၊ ဖြစ်စေလိုမှု ဆန္ဒလေးကို တင်ပြခြင်း ဖြစ်ပါတယ်။

ဒါတွေဟာ တည်ငြိမ်အေးချမ်းတဲ့ ပတ်ဝန်းကျင်တစ်ခု မဖြစ်ဘဲနဲ့ ကျွန်တော်တို့ရဲ့ ရှေ့ဆက် သွားမယ့် စီးပွားလူမှုဘဝဖွံ့ဖြိုးတိုးတက်မှုဆိုတာ မဖြစ်နိုင်ကြောင်းကို လူတိုင်းသိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်လိုပါတယ်။ ဆွေးနွေးပြီးမှ ကျွန်တော်တို့ ရှေ့ဆက် သွားမယ့် လမ်းကြောင်းတွေ အားလုံးကို ပြည်ထောင်စုအစိုးရနှင့်လည်းကောင်း၊ ပြည်နယ်အစိုးရ၏

ပူးပေါင်းဆောင်ရွက်မှုအားနဲ့လည်းကောင်း၊ ရခိုင်ပြည်သူလူထု၏ ပါဝင်ကူညီမှုနဲ့ လည်းကောင်း၊ ကျွန်တော်တို့ ကျော်ဖြတ်လိုပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၃း၂၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇဝန ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၈။**

**ဗိုလ်မှူးဇဝန (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကော်မရှင် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၃၀၄၈ ဗိုလ်မှူးဇဝန ပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် ရှေ့မှာ ကိုယ်စားလှယ်(၄)ဦး ဆွေးနွေးခဲ့ပြီးတဲ့ အဆိုအပေါ်မှာပဲ ဆက်လက်ပြီး ကျွန်တော်အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုရှင် ဦးလှဆွေ ဟာ သူရဲ့ ဝန်ထမ်းဘဝမှာ ဖြတ်သန်းတွေ့ကြုံနေထိုင်ခဲ့ရတဲ့ ရခိုင်ပြည်နယ်အတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေများနှင့် ယနေ့ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော လူမှုစီးပွားအခြေအနေများကို ပြည်နယ်ကိုယ်စားလှယ်တစ်ဦးမဟုတ်သော်လည်း နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် ဆွေးနွေးခဲ့တယ်လို့ ကျွန်တော်ယူဆမိပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စု တပ်မတော်မှာ တပ်မတော်ရဲ့ အဓိက တာဝန်ကြီး(၃)ရပ် ရှိပါတယ်။ ဒါတွေကတော့ (၁) နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ (၂) လေ့ကျင့်ရေးတာဝန်နဲ့ (၃) ပြည်သူ့ အကျိုးပြုလုပ်ငန်း တာဝန်များ ဖြစ်ပါတယ်။ အချက်(၃)မှာပါတဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တွေကို နေ့စဉ်နဲ့အမျှ ဆောင်ရွက်နေကြရတဲ့အတွက်လည်း ဆရာဦးလှဆွေ ရဲ့ အဆိုမှာ တစ်တပ်တစ်အား အနေဖြင့် ပါဝင်ဆွေးနွေးရခြင်းဖြစ်ကြောင်းကို ဦးစွာ တင်ပြလိုပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဟာ ရခိုင်ပြည်နယ်အတွင်း ရခိုင်ရွာတွေအချို့ဆိုရင် ရခိုင်နာမည်သာရှိပြီး ရခိုင်လူမျိုး အိမ်ထောင်စု မရှိတော့တဲ့ ရွာတွေ အများအပြားရှိပါကြောင်း၊ ဒီလိုဖြစ်ရတာ အဓိကဟာ အလုပ်အကိုင်ရှားပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းစတဲ့အချက်တွေအပေါ်မှာ မီးမောင်းထိုးပြခဲ့ပါတယ်။ ရခိုင်ပြည်နယ်အပေါ်မှာ နိုင်ငံတော်အစိုးရ အနေနဲ့လည်း ဆောင်ရွက်ဆဲနဲ့ ဆောင်ရွက်မယ့် အစီအမံများကို အကျဉ်းချုပ်မျှကိုလည်း တင်ပြလိုပါတယ်။ ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ အနောက်ဘက်၊ ရခိုင်ကမ်းရိုးတန်းတွင် တည်ရှိနေတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်ခင်ဗျား။ အရှေ့၊အနောက်၊ တောင်၊ မြောက်ဘက်တွေမှာလည်း မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဘင်္ဂလားပင်လယ်အော်၊ ချင်းပြည်နယ်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနဲ့လည်း ထိစပ်နေတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်ခင်ဗျား။ တောင်ကုန်း၊ တောင်တန်းများ၊ လျှိုမြောင်များ ထူထပ်လျက်ရှိတဲ့ ရခိုင်ရိုးမတောင်တန်းဟာ ရခိုင်ပြည်နယ်တို့အကြားမှာ တောင်၊ မြောက်သွယ်တန်းတည်ရှိနေတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်ခင်ဗျား။

ဧရိယာအကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း(၁၄၀၀၀)ရှိပြီး၊ ပင်လယ်ကမ်းရိုးတန်း အရှည်မိုင် (၃၆၀) ရှည်လျားပါတယ်။ ရခိုင်ပြည်နယ်မှာ ခရိုင်(၅)ခု၊ မြို့နယ်(၁၇)ခု၊ မြို့နယ်ခွဲ(၃)ခုဖြင့် ဖွဲ့စည်းထားရှိပြီး၊ မြို့ပေါ်ရပ်ကွက်ပေါင်း (၁၃၃)ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း(၁၀၄၀)အုပ်စု၊ ကျေးရွာပေါင်း(၃၇၇၀)၊ အိမ်ထောင်စုပေါင်း(၅၄၀၀၀၀)ကျော် နေထိုင်လျက်ရှိကြောင်းကိုလည်း လေ့လာမှတ်သားမိပါတယ်။ ယခုအခါမှာ နိုင်ငံတော်အနေနဲ့လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသကုန်ထုတ်လမ်းတွေ၊ ကျေးရွာချင်းဆက်လမ်းများ တည်ဆောက်ခြင်းများနဲ့ ကျေးလက်ရေရရှိရေးနဲ့ ကျေးလက်မီးလင်းရေးများ၊ ကျေးလက်အိမ်ရာတည်ဆောက်ရေးလုပ်ငန်းတွေ၊ အသေးစားငွေချေးဝန်ဆောင်မှု လုပ်ငန်းများပါမကျန် ဆောင်ရွက်ပေးလျက်ရှိပါတယ်ခင်ဗျား။ အိမ်နီးချင်းနိုင်ငံများနဲ့လည်း ခရီးသွားလုပ်ငန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်စေပြီး၊ နယ်စပ်ဒေသ ဝင်ရောက်မှုဂိတ်များ ဖွင့်လှစ်စေခြင်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။

အလုပ်လုပ်နိုင်သော လူဦးရေ အများစုဟာ လယ်ယာကဏ္ဍမှာ အဓိကပါဝင်ပြီး၊ ကျေးလက်နေပြည်သူများဖြစ်တဲ့အတွက် ကျေးလက်ပြည်သူများ အလုပ်အကိုင်ရရှိရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာ အလွန်အရေးကြီးနေတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ လူဦးရေ တိုးတက်လာမှုနဲ့အတူ ကျေးလက် အလုပ်အကိုင် ရှားပါးမှုများ သို့မဟုတ် ကျေးလက်လုပ်သား ပိုလျှံမှုတွေကြောင့် စက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများ ပေါများတဲ့ မြို့များသို့ ပြောင်းရွှေ့သွားကြတယ်ဆိုတာလည်း လက်ခံကြရမှာဖြစ်ပါတယ်ခင်ဗျား။ နယ်စပ်ဒေသများနဲ့ သက်ဆိုင်ရာဒေသများမှာ အလုပ်အကိုင်များ ရရှိနိုင်ရေးအတွက် နယ်စပ်ဒေသစက်မှုဇုန်များ၊ စီးပွားရေးစကြံ်များကို ဖန်တီးပေးလျက်ရှိပြီး၊ ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ခွင့်ပြုပေးလျက်ရှိရာ ရခိုင်ပြည်နယ်မှာ ကျောက်ဖြူအထူးစီးပွားရေးဇုန်ဖြစ်ပေါ်လာတာနဲ့အတူ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ပိုမိုဖန်တီးပေးနိုင်တော့မှာလည်းဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်နေသော ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ပို့ကုန်အသားပေး အထူးစီးပွားရေးဇုန်များနဲ့ စီးပွားရေးကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများ ယှဉ်ပြိုင်တည်ဆောက်နိုင်ရန် အကောင်းဆုံးသော အခွင့်အလမ်းများရှိတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်နေတာကို လေ့လာမိပါတယ်ခင်ဗျား။ ရေနက်ဆိပ်ကမ်းကိုတော့ မူလနေရာမှာ ဖြစ်တဲ့ ဓညဝတီ ရေတပ်စခန်း အခြေစိုက်နေရာတစ်ဝိုက်နဲ့ မဒေးကျွန်း ရေနံသဘာဝဓာတ်ငွေ့ ထုတ်လုပ်တဲ့နေရာ အနီးတစ်ဝိုက်မှာပဲ တည်ဆောက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကိုတော့ ယခင်ချထားပြီး သတ်မှတ်ထားတဲ့ ဧက (၁၀၀၀)ကျော်မှာပဲ ဆောင်ရွက်ဖို့ စူးစမ်းလေ့လာမှုများ ဆောင်ရွက်နေတယ်လို့လည်း သိရပါတယ်။ ဒီ စီးပွားရေးဇုန်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့မနက်ဖြန် ဇူလိုင်လ(၃)ရက်နေ့မှာပဲ ရန်ကုန်မြို့ IBC ခန်းမမှာ ပြည်တွင်း/ပြည်ပတွေ ဖိတ်ခေါ်ပြီးတော့ ဆောင်ရွက်မယ်လို့လည်း သိရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဇူလိုင်လ ၇ ရက်နေ့မှာ စင်ကာပူနိုင်ငံမှာ ဒီအထူး စီးပွားရေးဇုန်နဲ့ ပတ်သက်ပြီးတော့ နိုင်ငံတကာကနေပြီးတော့ ပြည်တွင်း/ပြည်ပပညာရှင်တွေနဲ့ ဆွေးနွေး ဖို့ ဒါဆောင်ရွက်နေပြီလို့လည်း သိရပါတယ်ခင်ဗျား။

ရခိုင်ပြည်နယ်မှာ လွတ်လပ်သော ကုန်သွယ်မှုဇုန် Free Trade Zone F.T.Z တည်ထောင်ရန် စီမံထားရှိပြီးဖြစ်ရာ ရခိုင်ပြည်နယ်ရှိ ပြည်သူလူထုများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ

တိုးတက်လာမှာလည်း ဖြစ်ပါတယ်ခင်ဗျား။ ကျောက်ဖြူစီးပွားရေးဇုန်မှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှာ ဖြစ်တဲ့အပြင် ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များအနေနဲ့လည်း ဝင်ရောက်လာမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရခိုင်ပြည်နယ်အတွက် အရေးပါတဲ့ စီမံကိန်းတစ်ခုလည်း ဖြစ်လို့နေပါတယ်ခင်ဗျား။ ဒါ့အပြင် ကျောက်ဖြူမြို့မှာလည်း အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့အပြင် ကျောက်ဖြူ ရွှေသဘာဝဓာတ်ငွေ့ တူးဖော်ရေးမှ ထွက်ရှိလာတဲ့ သဘာဝဓာတ်ငွေ့ ကုဗသန်း(၂၀)မှ အချို့ကို အသုံးပြုပြီးတော့လည်း ပထမအဆင့်အနေဖြင့် (၅၀)မဂ္ဂါဝပ်ရှိသော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံတစ်ခုကို လည်း အမြန်ဆုံးတည်ဆောက်ရန် စီစဥ်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ Gas Turbine မှ ထွက်ရှိလာမယ့် သဘာဝဓာတ်ငွေ့တွေနဲ့ သံတွဲခရိုင်အတွင်းမှာ တည်ဆောက်ဆဲ သူဌေးရေအား လျှပ်စစ်စီမံကိန်းမှာ ပြီးစီးလို့ ထွက်ရှိလာမယ့် ဓာတ်အားတွေကို ပေါင်းပြီး၊ နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ပေါင်းပြီး ဖြန့်ဖြူးမယ်ဆိုရင်လည်း ရခိုင်ပြည်နယ်တစ်ဝန်းလုံးမှာ လိုသည်ထက်ပို၍ ဓာတ်အားကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်တော့မှာလည်း ဖြစ်ပါတယ်ခင်ဗျား။ ဒါတင်မကပါဘူး မင်းပြားဓာတ်အား ခွဲစက်ရုံမှလည်း (၃၃)KV လိုင်းများဆွဲပြီးတော့ မြေပုံမြို့နဲ့ ပေါက်တောမြို့သို့လည်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းတွေ၊ ပုဏ္ဏားကျွန်းမှ ရသေ့တောင်သို့လည်း (၃၃)KV ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း စီမံဆောင်ရွက်ပြီး ဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်အတွင်းမှာ စိုက်ပျိုးရေ ရရှိရေး အတွက်ဆိုလည်း နိုင်ငံတော်အစိုးရ အနေနဲ့ ဆည်၊ မြောင်း၊ တာတမံထိန်းသိမ်းမှုတွေ၊ ရေဝင်တားတာ (၅)ခု၊ လျှိုပိတ်ဆည်(၃၅)ခု၊ လယ်သမားတာ (၁၀၂)ခု၊ ရေတံခါး (၁၄)ခုစတဲ့ အချက်တွေကို မြောက်များစွာကို ဆောင်ရွက်ပေးဖို့ စီမံကိန်းများ ချမှတ်လျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ ဒါ့အပြင် နို့စားနွား မွေးမြူရေးလုပ်ငန်းတွေ၊ ဝက်မွေးမြူရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လည်း မွေးမြူရေးဘဏ်စနစ်များဖြင့် တစ်ပိုင်တနိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအပြင် စစ်တွေမြို့ထဲမှာလည်း အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို ဖွင့်လှစ်ရန် လျာထား လျက် ရှိပါတယ်။ ဒါတင်မကပဲနဲ့ လမ်းပန်းဆက်သွယ်ရေးအပိုင်းမှာလည်း မင်းဘူးနဲ့ အမ်း-စစ်တွေ ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်းရဲ့ လမ်းမတော်-မြောက်ဦး (၂၈.၃၉)မိုင်ကလည်း တိုးချဲ့ ဖောက်လုပ်လျက်ရှိပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နဲ့လည်း ချိတ်ဆက်ပြီးတော့ တည် ဆောက်မယ့် (၈၂၀)ကီလိုမီတာ အရှည်ရှိတဲ့ ရထားလမ်းတည်ဆောက်မှုကိုလည်း ဆောင်ရွက်နေ တဲ့အတွက်ကြောင့်မို့လို့ ရေလမ်းကိုသာ အဓိက အားကိုးနေရသော ရခိုင်ပြည်နယ်ရှိ ပြည်သူလူထု အနေဖြင့်လည်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမှာ မလွဲဧကန် ဖြစ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီးတော့လည်း ရာသီဥတုအတွက်ဆိုလည်း (၂၄)နာရီထုတ်ပြန်နိုင်ဖို့အတွက်ကို လည်း ကျွန်တော်တို့ ကျောက်ဖြူမြို့မှာ မိုးလေဝသရေဒါ တပ်ဆင်ခြင်းလုပ်ငန်းတွေကိုလည်း ပြည်ပ အကူအညီဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။ မြို့ပြနဲ့ အိမ်ရာဖွံ့ဖြိုး တိုးတက်ရေးအတွက်ဆိုရင်လည်း မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအနေဖြင့် မြောက်ဦးနဲ့သံတွဲမှာ မြို့ပြစီမံကိန်း များ ရေးဆွဲဆောင်ရွက်လျက် ရှိပါတယ်။ အိန္ဒိယနိုင်ငံရဲ့ Exin Bank ချေးငွေဖြင့်လည်း မောင်တော-

အလယ်သံကျော်-အငူမော်လမ်းတို့အားလမ်းအဆင့်မြှင့်တင်ခြင်း၊ တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားမှာဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်ခင်ဗျား။ ဒါ့အပြင် စစ်တွေဆိပ်ကမ်းမှာ တန်ချိန် (၂၀၀၀၀) ရှိတဲ့ သင်္ဘောများ ရပ်နား၊ ကုန်တင်ကုန်ချပြုလုပ်နိုင်တဲ့ ဆိပ်ခံတံတား(၁)စင်းနဲ့ စစ်တွေနဲ့ ပလက်ဝ ဘက်မှာလည်း တန်ချိန်(၃၀၀)ပါ ရေစူးနည်းသော သင်္ဘောဆိုက်ကပ်ရန် တံတား(၂)စင်း တည်ဆောက်ပြီးတဲ့အခါမှာ ဆိုရင်တော့ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်အထိ သွားလာနိုင်တဲ့ ကုလားတန်မြစ်ကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းအား ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း လေ့လာသိရှိရပါတယ်ခင်ဗျား။ တိုးတက်လာမယ့် စီမံကိန်းတွေအပြင် ဒေသပြည်သူများ လူမှုဘဝဖွံ့ဖြိုး တိုးတက်ဖို့အတွက် လက်ရှိ ဆောင်ရွက်နေတဲ့ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းတွေ၊ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းတွေ၊ ပဲမျိုးစုံ လုပ်ငန်းတွေ၊ ဒါ့အပြင် ကျွဲ၊ နွားတိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်းတွေ၊ ဆားလုပ်ငန်း၊ အထည်ချုပ်စက်ရုံ လုပ်ငန်းများကို တည်ဆောက်ခြင်းတွေ ဆောင်ရွက်ပေးခြင်းအားဖြင့်လည်း ယခုထက် ပိုမိုအလုပ်အကိုင် ရရှိလာမှာဖြစ်ပါတယ်။

လက်ရှိဆောင်ရွက်နေတဲ့ မိရိုးဖလာသမရိုးကျ လုပ်ကိုင်နေခြင်းထက် ခေတ်မီသော နည်းစနစ်များ၊ လိုအပ်သော ထုတ်လုပ်မှုစရိတ် ချေးငွေများ လုံလောက်စွာထုတ်ပေးရန်လည်း လိုအပ်မှာ ဖြစ်ပါတယ်။ ရေငန်ကျားပုစွန်မွေးမြူရေးဟာဆိုရင်လည်း လက်ရှိစနစ်ထက်ပိုပြီးတော့ ထုတ်လုပ်နိုင်သော နည်းပညာများ ဖြန့်ဖြူးဖို့ လိုအပ်ပါတယ်။ လက်ရှိ သမရိုးကျ ယခုရာသီမှာ သားဖောက်တွေ စုစည်းမယ်၊ အကောင်ကြီးမှ တစ်ကြိမ်သာ ရောင်းချနိုင်ခြင်းအတွက် သားပေါက်စုကန်တွေကို စနစ်တကျ ဖန်တီးပြီးတော့ ကြီးထွားကန်တွေကို လိုအပ်သလို ရွှေ့ပြောင်းပြီးတော့ ပို့မယ်ဆိုရင်လည်း ဒီထက်မက စဥ်ဆက်မပြတ် ဝင်ငွေရရှိမယ့် နည်းလမ်းဖြစ်ပါတယ်။ မကြာသေးခင်က ရက်ပိုင်းအတွင်း ကပါ။ ကျွန်တော်တို့ ဂျပန်နိုင်ငံ၊ ANA လေကြောင်းလိုင်းကနေပြီး မြန်မာနိုင်ငံထွက်ရှိတဲ့ ရေထွက်ပစ္စည်းတွေက ကျွန်တော်တို့ ရေခဲရိုက်ပို့တာနဲ့ ကျွန်တော်တို့ ဒီ အရှင်ကိုပို့ရင် ဈေး(၃)ဆရတယ်။ ဒီ လေယာဥ်ကလည်း တန်(၅၀) (ကာဂို)လေယာဥ်ဖြစ်ပါတယ်။ ဒီလိုပို့မယ့် အစီအမံအထိ ရန်ကုန်မြို့မှာ ဒါ မွေးမြူရေးနဲ့ရေလုပ်ငန်းဝန်ကြီးဌာနနဲ့လည်း ဒါ ဆွေးနွေးနေကြောင်းကိုလည်း ကြားသိရပါတယ်။ ဒီလိုရေထွက်ကုန်ပစ္စည်းတွေကို ကျွန်တော်တို့ (၃)ဆမြင့်မားအောင် ဆောင်ရွက်ဖို့ဆိုရင် အခုကတည်းကနေပြီးတော့ လိုအပ်တဲ့ အအေးခန်းတွေ၊ စက်ရုံတွေကို ကျွန်တော်တို့ ကြိုတင် ကြံဆထားဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

ဆန်စပါးစိုက်ပျိုးရေးမှာလည်း လက်ရှိသာမန် စပါးကို ဆန်အဖြစ် ပို့တာထက်စာရင် ဒီ ရခိုင်ပြည်နယ်မှာ ယခင်ကတည်းက လုပ်ခဲ့တဲ့ ပေါင်းဆန်၊ ဒါ တကယ်ကို နာမည်ကြီးတဲ့ ပေါင်းဆန်ပါ။ ဒီ ရခိုင်ပြည်နယ်ရဲ့ အနီးစပ်ဆုံး လူဦးရေများပြားတဲ့ (၂)နိုင်ငံကလည်း ဒီပေါင်းဆန်ကို အဓိကထားပြီးတော့ ဒါ ဈေးကောင်းပေးဝယ်ပါတယ်။ ဒီပေါင်းဆန်ကို စက်ရုံတွေကို တည်ဆောက်ပေးမယ်။ အရည်အသွေးမြင့်တဲ့ မျိုးကောင်းမျိုးသန်းတွေကို ဆောင်ရွက်ပေးမယ်ဆိုရင်လည်း ဒါ ရခိုင်ပြည်နယ်ရဲ့ ဝင်ငွေ ရရှိမယ့် စပါးသီးနှံတစ်ခုလည်း ဖြစ်ပါတယ်။

နောက်တစ်ခု မြန်မာနိုင်ငံရဲ့ ဒုတိယပို့ကုန် အများဆုံးဖြစ်တဲ့ ပဲလုပ်ငန်းဖြစ်ပါတယ်။ ဒီ ပဲ လုပ်ငန်းဟာလည်း ရခိုင်ပြည်နယ်မှာ အမှတ်တကယ်ဖြစ်ထွန်းတဲ့ နေရာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မျိုးကောင်းမျိုးသန့် လုပ်နည်းစနစ်များကို မှန်ကန်စွာ စိုက်ပျိုးခြင်း၊ ထွက်ရှိလာမယ့် ပဲတွေကို ဝယ်ယူ

ခြင်းများကိုလည်း ဆောင်ရွက်ပေးသင့်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်မှာ ကျယ်ပြောလှတဲ့ စားကျက်မြေတွေရှိပါတယ်။ အဲဒီမှာ မွေးမြူတဲ့ ကျွဲတွေ၊ နွားတွေဟာဆိုရင်လည်း အဆမတန်ကြီးပါတယ်။ ဒါတွေကို ကျွန်တော်တို့က စနစ်တကျ ဆီသွပ်စက်ရုံတွေကို တည်ထောင်ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော်တို့ ဒေသအတွင်းမှာလည်း အလုပ်အကိုင်တွေ မြောက်များစွာ ရရှိလာမှာ ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါတယ်။ ဒါ့အပြင် ဆားထုတ်လုပ်မှု လုပ်ငန်းမှာလည်း လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းငယ်တွေကတစ်ဆင့် ကျွန်တော်တို့က ဆားကွင်းကြီးတွေ၊ ဆားတမံကြီးတွေ ဆောင်ရွက်ပေးမယ်၊ ဒါဆိုရင် ကျွန်တော်တို့က ဆားကြမ်းတွေ၊ ဆားချောတွေ၊ အိုင်အိုဒင်းဆားတွေ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်မှာဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အထက်မှာ တင်ပြခဲ့တာတွေဟာ ပြည်နယ်အတွင်း နိုင်ငံတော်မှ ဆက်လက် အကောင်အထည်ဖော်ပေးနေသော ဆောင်ရွက်ရန်နဲ့ ဆောင်ရွက်ဆဲ လုပ်ငန်းတွေ၊ ဒါ့အပြင် ထပ်မံလိုအပ်သော နည်းပညာများနဲ့ ပြည်နယ်အတွင်းမှာ ဆောင်ရွက်ရန် သင့်လျော်သော အကြောင်းအရာများကို တင်ပြပြီး ဖြစ်ပါတယ်။ ယခုအခါမှာ နိုင်ငံတကာ ဈေးကွက် မရရှိသေးသော မြန်မာပို့ကုန်များအား ဈေးကွက် ရှာပေးမယ့် ကုန်သွယ်မှု ဗဟိုဌာနတွေကိုလည်း စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း ပြည်နယ်နှင့် တိုင်းတွေမှာ အဆက်မပြတ် ဖွင့်ပေးဖို့ စီစဉ်နေပြီလို့လည်း သိရပါတယ် ခင်ဗျား။ ဒီလိုပူးပေါင်းမယ့် အစီအစဉ်တွေမှာ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်း စီးပွားရေး လုပ်ငန်းရှင်များ ပါဝင်လာမှာ ဖြစ်ပါတယ်။ လုပ်ငန်းစဉ်တွေအနေနဲ့ အလျဉ်းသင့်လို့ တင်ပြရမယ်ဆိုရင် ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို မေးဖြေခြင်းများကို ဆောင်ရွက်ရပါမယ်။ အမြဲတမ်း ပို့ကုန် ပြခန်းတွေ ထားရှိပေးပါ့မယ်။ ကုန်သွယ်မှုနဲ့ သက်ဆိုင်၍လည်း ဆွေးနွေးမှုတွေ အကြံပေးခြင်းများ၊ ဈေးကွက်သတင်းအချက်အလက်များကိုလည်း အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးပါ့မယ်။ သင်တန်းတွေပေးမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းကြီး၊ လုပ်ငန်းငယ်များအနေဖြင့် အခက်အခဲမရှိ အဆင်ပြေကြတော့မှာလည်း ဖြစ်ပါတယ်ခင်ဗျား။

တင်ပြပါကိစ္စရပ်တွေအတွက် မကြာခင်မှာ ပေါ်လာမယ့် ဆိပ်ကမ်းတွေကို အခြေပြုပြီး ယခုအချိန်မှစတင်ပြီး ကဏ္ဍအလိုက်ဆောင်ရွက်ရန် ဖြစ်ထွန်းနိုင်သော နေရာများကို ရွေးချယ်မယ်။ ထုတ်လုပ်မှုနဲ့ ကိုက်ညီမယ့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံများကို ပွင့်လင်းမြင်သာစွာ ရှင်းပြဖို့လည်း လိုပါတယ်။ အခုအချိန်ကစပြီး ကဏ္ဍအလိုက် အကြိုသင်တန်းများကိုပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းများနဲ့ အလုပ်အကိုင်ခန့်ထားမှုမှာလည်း ဒေသခံတွေကို ဦးစားပေးဖို့ လိုပါတယ်။ ကျွန်တော်တို့ စက်ရုံတွေ တည်ထောင်မယ်။ ပထမ (၅)နှစ်မှာတော့ စက်ရုံတွေကို ကျွမ်းကျင်တဲ့ ပြင်ပလုပ်သားတွေကို ငှားရမှာဖြစ်တယ်လို့ လက်ခံပါတယ်။ ဒါပေမဲ့ နောက် (၅)နှစ်ကျရင်တော့ ဒီ ငှားထားတဲ့ ပြင်ပပညာရှင်တွေကို ကျွန်တော်တို့ လျှော့ချသွားမှာ ဖြစ်ပါတယ်။ ဒီ ပထမ (၅)နှစ်အတွင်းမှာ ပြင်ပလုပ်ငန်းရှင်တွေနဲ့ ဒေသခံတွေ လက်တွဲပြီး ခေါ်သွားတဲ့ အတွေ့အကြုံအပေါ်မှာ မူတည်ပြီး ဒေသခံတွေကို လစာတွေတိုးမြှင့်ပေးမယ်။ နေချင်လာအောင် လစာတွေ တိုးပေးပြီးတော့ ဆက်လက်ပြီးတော့ စဉ်ဆက်မပြတ် ဒီ လုပ်ငန်းတွေ အကောင်အထည်ဖော်သွားမယ်ဆိုရင်၊ အခုကတည်းက စီမံချက်ချပြီးလုပ်သွားမယ်ဆိုရင် ဒါတွေဟာ အောင်မြင်လာမယ့် အနေအထားတွေ ရှိပါတယ် ဆိုတာကို အလျဉ်းသင့်လို့ တင်ပြလိုခြင်း ဖြစ်ပါတယ်။

ရခိုင်ဒေသ ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရ အနေနဲ့ ကျွန်တော်တို့လိုအပ်ချက် မှန်သမျှကို ပံ့ပိုးနေပါတယ်။ ဆက်လက်ပြီးတော့လည်း ရခိုင်ပြည်နယ်အတွက် ဒါ ပံ့ပိုးနေတယ်ဆိုတာလည်း ရခိုင်ပြည်နယ်တစ်ခုတည်း မဟုတ်ပါဘူးခင်ဗျား။ စောစောက အဆိုရှင်များလည်း ဆွေးနွေးသွားတာရှိပါတယ်။ စောစောကအဆိုရှင်မှာလည်း အဆိုပိုင်းအနေနဲ့ ထောက်ခံဆွေးနွေးတဲ့ အပိုင်းမှာလည်း ငိုတတ်တဲ့ကလေး မုန့်ရတယ်ဆိုတာလည်း ပြောသွားတာရှိပါတယ်။ အခု ပွင့်လင်းမြင်သာတဲ့ ခေတ်ကြီးမှာ ငိုတတ်တဲ့ ကလေးတိုင်းလည်း မုန့်မရပါဘူး။ တကယ် ပေးသင့်တဲ့နေရာ၊ တကယ်ပေးထိုက်တဲ့ ပြည်နယ်ဒေသမို့ နိုင်ငံတော်အစိုးရကနေ ဘက်ပေါင်းစုံ ဆောင်ရွက်နေတယ်ဖြစ်ကြောင်းကိုလည်း ဒါအလျဉ်းသင့်လို့ တင်ပြလိုပါတယ် ခင်ဗျား။ နိုင်ငံတကာကလည်း ရခိုင်ဒေသကို ဖွံ့ဖြိုးရေးစီမံကိန်းတွေ ဝင်ရောက် လုပ်ကိုင်ဖို့ ဆောင်ရွက်နေကြပါပြီ၊ နိုင်ငံတကာကရော၊ နိုင်ငံကရော ဝင်ရောက်လုပ်ကိုင်ပြီ ဆိုရင်တော့ ဒီ ဒေသကြီး တိုးတက်လာမှာ မလွဲဧကန်ဖြစ်ပါတယ်ခင်ဗျား။

မြန်မာကုန်သွယ်မှုစင်တာ၊ Myanmar Trade Centre ကိုလည်း ဖွင့်လှစ်ဖို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကလည်း အဆင့်ဆင့်တင်ပြထားပြီးပြီလို့လည်း သိရပါတယ်ခင်ဗျား။ အမျိုးသားစီမံကိန်း၊ ဗဟိုစာရင်းဇယားများ ထုတ်ပြန်ချက်အရဆိုရင်လည်း ဘဏ္ဍာနှစ်အစဖြစ်တဲ့ ၂၀၁၄ ခုနှစ်၊ ဧပြီလ (၁)လထဲမှာပဲ ပို့ကုန်အနေဖြင့် ဒေါ်လာ(၅၄၂)သန်း၊ သွင်းကုန် ဒေါ်လာ(၁၁၇၆)သန်းကျော် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကုန်သွယ်မှုကိစ္စရပ်တွေမှာလည်း လိုငွေဖြစ်နေတာကို ဆန်းစစ်ချက်အရ လေ့လာမိပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ လုပ်ငန်းတွေကို ခြုံငုံပြီးတော့အခုကတည်းက အကွက်ကျကျ စီမံကိန်းချပြီး ဆောင်ရွက်မယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံရဲ့လိုနေတဲ့ လိုအပ်ချက်ဖြစ်နေတဲ့ ပို့ကုန်ပိုင်းဆိုင်ရာမှာ လိုငွေဖြစ်နေမှုကို တစ်တပ်တစ်အား လျှော့ချနိုင်မှာလည်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် နိဂုံးချုပ်အနေနဲ့ တင်ပြပါ့မယ်။ တင်ပြပါကိစ္စရပ်တွေကို ဘယ်လောက်ပင်ကောင်းအောင် ပြုပြင် ပြုပြင်ပေးနေ၊ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းနေ ကောင်းနေ၊ အဓိက ကတော့ ဒေသတည်ငြိမ်ရေးဆိုတာ ကျွန်တော်တို့ လက်ခံထားရမှာ ဖြစ်ပါတယ်။ ဒေသခံတွေကလည်း မြန်မာ၊ ဘင်္ဂလားဒေ့ရှ် နယ်စပ် လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အုပ်ချုပ်ရေး ပိုမိုအကောင်အထည်ဖော်နိုင်ဖို့ အတွက်လည်း မိုင်(၈၀) ရှည်လျားတဲ့ မောင်တောမြို့နယ် တစ်ခုတည်းနဲ့ အုပ်ချုပ်တဲ့အခါမှာ တောင်၊ မြောက် အလွန်ရှည်လျားတဲ့ အတွက်ကြောင့်မို့လို့ ဆက်သွယ်ရေး ကြန့်ကြာနိုင်တယ်။ အုပ်ချုပ်မှု အခက်အခဲ ရှိလာနိုင်တဲ့အတွက်ကြောင့်မို့လို့ မြို့နယ်(၂)ခု သို့မဟုတ် (၃)ခုကို ပေါင်းစပ်ပြီးတော့ ဖွဲ့စည်းပေးမယ်ဆိုရင် ဌာနဆိုင်ရာတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။ မြို့နယ်အဆင့်ဌာနဆိုင်ရာများ အများအပြား ဖြစ်လာပြီးတော့ အုပ်ချုပ်ရေးဆိုင်ရာမှာလည်း ပိုမိုကောင်းမွန်လာမယ်။

လုံခြုံရေးကိုလည်း အနီးကပ် အလျင် အမြန် ဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အတွက်လည်း ဒေသခံတွေရဲ့ ရင်တွင်းစကားကို အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။ ဒီလိုတည်ငြိမ်အေးချမ်းမှုလည်း ရင်းနှီးမြှုပ်နှံဆောင်ရွက်လာမယ့် အဖွဲ့အစည်းတွေအနေနဲ့လည်း တိကျခိုင်မာသော စီးပွားရေးမူဝါဒတွေချမှတ်ပြီး လုပ်ကိုင်ရဲကြမယ်မှာဖြစ်လို့ ဘက်ပေါင်းစုံ အောင်မြင်ခဲ့ကြရင်ဖြင့် အဆိုရှင်ဦးလှဆွေ ဆွေးနွေးခဲ့သလိုပါပဲ နိုင်ငံတော်မှအမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အကောင်အထည်

ဖော်ပြီးချိန်မှာတော့ အဝေးကို ထွက်ခွာနေကြသောသူတွေကို ပြန်လာခဲ့ပါလို့ ခေါ်စရာမလိုတော့ပဲ မြန်မာပြည်အတွင်း တိုင်းဒေသကြီးအသီးသီးမှာ ရောက်ရှိနေကြတဲ့ ရခိုင်ပြည်သူ/ပြည်နယ်သားများ သဘောကဖြင့် ချစ်စရာကောင်းတဲ့ ရေမြေသဘာဝဖန်တီးပြီးဖြစ်တဲ့ ရခိုင်ပြည်နယ်ကြီးကိုဖြင့် အပြေးလှမ်းလာကြမှာ ဧကန်မလွဲ ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၄၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးလှဆွေ တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(င)အရ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က (၂၁)ရက်အတွင်း ပြန်လည်ဖြေရှင်း ဆွေးနွေးနိုင်သည့်အတွက် (၂၁)ရက် စောင့်ဆိုင်းပြီးမှသာ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၂) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၃း၄၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင် အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ၁၃း၄၅ နာရီ အချိန်တွင် ရပ်နားပါသည်။]